www.dhammadownload.com

ဓမ္မဒူတစာစဉ်

ဓမ္မဒူတ
ဒေါက်တာအရှင်ပညိဿရ
B.A (Myanmar), M.A (Srilanka), Ph.D (India)
သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတဂဏဝါစက အာစရိယ
ဓမ္မကထိက ဗဟုဇနဟိတဓရ မဟာဂန္ထဝါစကပဏ္ဍိတ

ကျေးဇူးသိတတ် ကျေးဇူးဆပ်



www.dhammadownload.com

ဓမ္မဒူတ

ဒေါက်တာအရှင်ပညီဿရ

B.A (Myanmar), M.A (Srilanka), Ph.D (India)

သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတဂဏဝါစက အာစရိယ
ဓမ္မကထိက ဗဟုဇနဟိတဓရ မဟာဂန္ထဝါစကပဏ္ဍိတ

ကျေးဇူးသိတတ် ကျေးဇူးဆပ်

www.dhammadownload.com

ဓမ္မဒူတ
ဒေါက်တာအရှင်ဝေပုလ္လသာရ

B.A(Myanmar), M.A (Srilanka), Ph.D (India)

သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတဂဏဝါစက အာစရိယ
ဓမ္မကထိက ဗဟုဇနဟိတဓရ၊ မဟာဂန္ထဝါစကပဏ္ဍိတ

ကျေးဇူးသိတတ်
ကျေးဇူးဆပ်

ဖြန့်ချိရေး

ဆုပြည့်စုံထွန်းစာပေ

အမှတ် – ၅၀၈/၅၁၂။ (၂–ခ)၊ ပထမထပ်၊ (သရဖီကွန်ဒို)၊
ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃။

www.dhammadownload.com

ဓမ္မဒူတ တရားတမန်

ဓမ္မဒူတ စာပို့ချ သင်ကြ ကျင့်ကြစေ။

ဓမ္မဒူတ စာရေးပြ ဖတ်ကြ ကျင့်ကြစေ။

ဓမ္မဒူတ ဟောဖော်ပြ နာကြ ကျင့်ကြစေ။

ဓမ္မဒူတ တရားပြ ကျင့်ကြ ကျိုးရစေ။

www.dhammadownload.com



ဓမ္မဒူတ

ဒေါက်တာအရှင်ပညိဿရ

B.A (Myanmar), M.A(Sri Lanka), Ph.D (India)

သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတဂဏဝါစက အာစရိယ

ဓမ္မကထိက ဗဟုဇနဟိတဓရ မဟာဂန္ထဝါစကပဏ္ဍိတ

www.dhammadownload.com

ဒေါက်တာအရှင်ပညာသရ

မွန်ပြည်နယ်၊ သထုံမြို့ ညောင်ပိုင်းရပ်နေ ဦးကျော်လှိုင် + ဒေါ်မြင့်ကြည်တို့မှ ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလတွင် ဖွားမြင်သည်။

တောင်စွန်း ဓမ္မဒူတတောရကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တပညာဇောတ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ကို ဥပဇ္ဈာယ်ပြုကာ ရှင်အဖြစ်၊ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

တောင်စွန်းဓမ္မဒူတတောရ၊ မန္တလေးမြို့မစိုးရိမ်တိုက်ပေါင်း၊ မစိုးရိမ်တိုက်သစ်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး

www.dhammadownload.com

သဒ္ဓမ္မသီတဂူကျောင်းတို့တွင်လည်းကောင်း၊ သီရိလင်္ကာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင်လည်းကောင်း ပညာ သင်ယူခဲ့ပါသည်။

သာသနဓဇ ဓမ္မာစရိယဘွဲ့၊

သာသနဇောတိပါလ ဓမ္မာစရိယဘွဲ့၊

သာသနဟိတ ဂဏဝါစက အာစရိယဘွဲ့၊

B.A (Myanmar), M.A (Srilanka), Ph.D (India) ဘွဲ့တို့ကို ရရှိခဲ့သည်။

၂၀၀၆ ခုနှစ်တွင် နိုင်ငံတော်မှ ဆက်ကပ်သော မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တော်ကို ရရှိခဲ့သည်။

၂၀၁၀ ပြည့်နှစ်တွင် သထုံမြို့ သုဝဏ္ဏဘူမိ ပရိယတ္တိ သာသနဟိတအသင်းကြီးမှ ဆက်ကပ်သော အဘိဝံသ ဘွဲ့တော်ကို ရရှိခဲ့သည်။

၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်မှ ဆက်ကပ်သော ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တော်ကို ရရှိခဲ့သည်။

www.dhammadownload.com

ဓမ္မဒူတဆရာတော်ကြီး လွန်တော်မူသည့် ၁၉၉၇ ခုနှစ်မှ ၂၀၀၅ ခုနှစ်ထိ တောင်စွန်းဓမ္မဒူတ တောရကျောင်းတိုက် နာယကဆရာတော်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

၂၀၀၄ ခုနှစ်မှစတင်၍ သထုံမြို့နယ်၊ ကျိုက်ကော်ကျေးရွာတွင် ဓမ္မဒူတသုခိတာရုံကျောင်းတိုက်ကို တည်ထောင်ဖွင့်လှစ်ကာ ပဓာနနာယက ဆရာတော်အဖြစ် တာဝန်ယူဆောင်ရွက်သည်။

၂၀၀၅ ခုနှစ်မှ စတင်၍ ပဲခူးမြို့ ဆယ်မိုင်ကုန်းတွင် ဓမ္မဒူတတောရ သာသနာ့ရိပ်သာကို တည်ထောင်ဖွင့်လှစ်ကာ ပဓာနနာယက ဆရာတော်အဖြစ် စာရေး၊ စာချ၊ တရားဟော၊ တရားပြကာ သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

www.dhammadownload.com

ကျေးဇူးသိတတ် ကျေးဇူးဆပ်

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း (၇) ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၁၁) ရက်နေ့ ညတွင် လှိုင်မြို့နယ်၊ (၁) ရပ်ကွက်၊ ဘုရင့်နောင်အိမ်ယာ (၄) လမ်း သာသနာ့နဂ္ဂဟာ ဆွမ်းလောင်းအသင်းရဲ့ ဆွမ်းလောင်း အောင်မြင် ဓမ္မသဘင် ဆင်ယင်ကျင်းပရာ၌ ဟောကြား အပ်သော ကျေးဇူးသိတတ် ကျေးဇူးဆပ်တရာတော်။

www.dhammadownload.com

သူတော်ကောင်းဓလေ့

ကျေးဇူးတရားကို သိတတ်ရမယ်၊ သိတတ်တဲ့ အလျောက် ပေးဆပ်ရမယ်လို့ သူတော်ကောင်းတွေရဲ့ ဓလေ့ထုံးစံကို သိရှိကြည်ညိုအတုယူနိုင်အောင် တရား တစ်ပုဒ် ဟောကြားကြမယ်။

ကျေးဇူးသိခြင်းနဲ့ ကျေးဇူးဆပ်ခြင်းဟာ ကတညုတ ကတဝေဒီမင်္ဂလာပါ။ ကတညုတဆိုတာက သူတစ်ပါးတွေက ကိုယ့်အပေါ်မှာ ပြုထားဖူးတဲ့ ကျေးဇူး ကို သိခြင်းပါ။ ကတဝေဒီဆိုတာက သိတဲ့ကျေးဇူးတရား တွေကို တတ်နိုင်သလောက် ပေးဆပ်ခြင်းပါ။ ဒါဟာ သူတော်ကောင်းတွေရဲ့ ထုံးတမ်းစဉ်လာ၊ သူတော် ကောင်းတွေရဲ့ အလေ့အကျင့်ပါ။ သူတော်ကောင်း တွေဟာ ကျေးဇူးသိခြင်းရှိပါတယ်။ ကျေးဇူးကိုလည်း မမေ့မပျောက် ပေးဆပ်တတ်ကြပါတယ်။

www.dhammadownload.com

ကျေးဇူးဆိုသည်မှာ

"ကျေးဇူး၊ ကျေးဇူး"လို့ ပြောကြရာမှာ ကျေးဇူးဆိုတာကို သေသေချာချာ သိထားနားလည်ထားသင့်ပါတယ်။ ကျေးဇူးဆိုတဲ့ စကားလုံးကို ပုဂံခေတ်ကကျောက်စာတွေမှာ တွေ့ဖူးလို့ ပုဂံခေတ်ထဲက ပြောဆိုနေကြတယ်လို့ သိနိုင်ပါတယ်။ ဒီခေတ်မှာလည်း "ကျေးဇူးတင်ပါတယ်၊ ကျေးဇူးတင်ပါတယ်" ဆိုတဲ့ စကားကို တွင်တွင်ကြီး သုံးကြတယ်၊ ပြောဆိုနေကြပါတယ်။

ကျေးဇူးဆိုတာ တစ်စုံတစ်ယောက်က တစ်စုံတစ်ခု ကိုယ့်အပေါ်ကို ကောင်းကျိုးပြုခြင်းလို့ ဘုန်းကြီးတို့ အဲဒီလိုလေး နားလည်ထားပါတယ်။ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ တစ်ဦးတစ်ယောက်သောသူက ကိုယ့်ကို

www.dhammadownload.com

ကာယကံ သို့မဟုတ် ဝစီကံ၊ ဒါမှမဟုတ် မနောကံနဲ့ ကောင်းကျိုး တစ်စုံတစ်ရာပြုခြင်းကို ကျေးဇူးလို့ ခေါ်ပါတယ်။

ဒီတော့ ကျေးဇူးတရားဆိုတာသည် လူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းအတွင်း တစ်ဦးနဲ့တစ်ဦး၊ တစ်ယောက်နဲ့တစ်ယောက်မှာ အပြန်အလှန် ဆက်စပ်ဆက်သွယ်နေတဲ့သဘော ရှိနေတာကိုလည်း တွေ့ရပါလိမ့်မယ်။ လူတိုင်းလူတိုင်းမှာ ကျေးဇူးတရားတွေ မကင်းကြတာကိုလည်း တွေ့ရပါလိမ့်မယ်။ သိတတ်နားလည်တတ် ခံစားတတ်ရင် ကျေးဇူးရှင်တွေရဲ့ ကျေးဇူးတရားကို မြင်တွေ့နိုင်ကြပါတယ်။

ဘုရားရှင်က ချီးမွမ်း

အရှင်သာရိပုတ္တရာကို ဘုရားရှင်က ချီးမွမ်းခဲ့တဲ့ စကားရှိပါတယ်၊ "အရှင်သာရိပုတ္တရာသည် သူ့ကျေးဇူးကို သိတတ်ပါပေတယ်၊ သိတတ်သရွေ့ မှတ်မိသရွေ့လည်း သူ့ကျေးဇူးကို ပြန်ပေးဆပ်တတ်ပါပေတယ်၊ သူတော်ကောင်းပါပဲ" လို့ မိန့်ကြားတဲ့စကားပါ။ အားလုံးကို စံနမူနာအနေနဲ့ ပြောပြချင်တာက မြတ်ဗုဒ္ဓရဲ့ချီးမွမ်းမိန့်ကြားချက်ကို ဖြစ်စေတဲ့ အရှင်ရာဓနဲ့ ပတ်သက်ပြီး အရှင်မြတ်ရဲ့ကျေးဇူးသိပုံ၊ ကျေးဇူးဆပ်ပုံပါ။

www.dhammadownload.com

ဆင်းရဲနွမ်းပါးလွန်းလို့

ရာဓဆိုတာ ရာဇဂြိုဟ်ပြည်က ဆင်းရဲနွမ်းပါးတဲ့ ပုဏ္ဏားတစ်ယောက်ပါ။ အသက်အရွယ်ကြီးလို့ အိမ်ထောင့်တာဝန် မထမ်းဆောင်နိုင်တဲ့အချိန်မှာ ဇနီးသားသမီးတွေကို မလုပ်ကျွေးနိုင်တော့ဘူး၊ အသက် ၇၀ ကျော် အိုမင်းမစွမ်းဖြစ်လာတဲ့အချိန်မှာ ဇနီးကလည်း မကြည်ဖြူတော့ဘူး။ သားသမီးတွေကလည်း ငြိုငြင်ကြတယ်။ အိမ်ထောင်ရေးဒုက္ခတွေကနေ လွတ်မြောက်ချင်လို့၊ စားဝတ်နေရေးဒုက္ခတွေ ကြပ်တည်းလွန်းလို့ ထွက်ပေါက်ရှာတဲ့အနေနဲ့ မြတ်စွာဘုရားသာသနာတော်မှာ သူက ရဟန်းပြုဖို့ စဉ်းစားပါတယ်။

ရည်ရွယ်ချက်က သိပ်ကောင်းလှတယ်လို့တော့ မဟုတ်ပါဘူး။ ပရိယတ္တိသင်ယူချင်လို့လည်း မဟုတ်ဘူး၊ ပဋိပတ္တိကျင့်ချင်လို့လည်း မဟုတ်ဘူး။ စိတ်ဆင်းရဲ

www.dhammadownload.com

ကိုယ်ဆင်းရဲဒုက္ခတွေ တွေ့ကြုံနေရလို့ ဒီဒုက္ခတွေကနေ လတ်တလောလွတ်မြောက်ဖို့ပါ။ အဓိက.က သူ့မှာ စားဝတ်နေရေးပြဿနာက ရှိနေတယ်။ ကိုယ်တိုင်လည်း ရှာမစားနိုင်ဘူး။ လုပ်ကျွေးရမယ့် ဇနီးမယား၊ သမီးသားတွေကိုလည်း လုပ်မကျွေးနိုင်ဘူး။ သူတို့ကလည်း ကိုယ့်ကို မလုပ်ကျွေးချင်ကြတော့ဘူးဆိုတော့ အိမ်မှာလည်း နေရတာခက်တယ်။ မိသားစုက ဝိုင်းပယ်ထားတော့ နေရတာလည်း စိတ်မချမ်းသာပါဘူး။

ရဟန်းပြုခွင့်တောင်း

ဒီတော့ သူကကျောင်းသွားပြီးတော့မြတ်စွာဘုရားသာသနာမှာ ရဟန်းပြုခွင့်တောင်းပါတယ်၊ သာသနာ့ဘောင်မှာ ရဟန်းဝတ်ချင်လို့ဆိုတော့ "အသက်ကလည်း ကြီးပြီ၊ ကျန်းမာရေးကလည်း မကောင်းဘူး၊ သာသနာ့ဘောင်မှာ ထမ်းဆောင်ရမယ့် ပရိယတ္တိတာဝန်၊ ပဋိပတ္တိတာဝန်၊ ဒီတာဝန်တွေကို သူ အပြည့်အဝ ထမ်းဆောင်ဖို့ဆိုတာ ခဲယဉ်းလိမ့်မယ်၊ သာသနာ့ဝန်ထမ်းမဟုတ်ဘဲနဲ့ သာသနာ့ဝန်ထုပ် ဖြစ်နေလိမ့်မယ်" လို့ ဆရာတော်၊ သံဃာတော်တွေက သူ့ကို အကဲခတ်ကြ နလုံးသွင်းကြပုံရပါတယ်။ သာသနာအတွက်ဘာမှလည်း အကျိုးများမှာမဟုတ်ဘူး၊ သာသနာ့ဘောင် ရဟန်းပြုလာတာ အလုပ်ရှုပ်တာပဲ ရှိမယ်ဆိုပြီး လက်မခံကြပါဘူး။

www.dhammadownload.com

ဘုရားရှင်ထံ သွား

အိမ်ကလည်း လက်မခံ၊ ကျောင်းကလည်း လက်မခံ။ ဘယ်နေလို့နေရမှန်းမသိ၊ ဘယ်စားလို့ စားရမှန်းမသိ။ စားရမဲ့ သောက်ရမဲ့ ဝတ်ရမဲ့ အကြပ်အတည်းဆင်းရဲမျိုးစုံနဲ့ တွေ့ကြုံနေရတဲ့ ရာဓပုဏ္ဏားဟာ အရဲစွန့်ပြီးတော့ မြတ်စွာဘုရားရှင်ထံ သွားပါတယ်။ ရှိခိုးဦးချပြီး ညှိုးညှိုးငယ်ငယ်နဲ့ ဘုရားရှင်ကို ဖူးမြော်နေတဲ့ ပုဏ္ဏားကြီးကို မြတ်စွာဘုရားက ပဋိသန္ထာရ စကား၊ နှုတ်ဆက်စကား မိန့်ကြားပါတယ်။ ပြောဆို မေးမြန်းပါတယ်။

"ဘယ့်နယ်လဲ ပုဏ္ဏားကြီး နေကောင်းရဲ့လား၊ ကျန်းမာရဲ့လား၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာမှ ရှိပါရဲ့လား" ဆိုတော့ ပုဏ္ဏားကြီးက "မြတ်စွာဘုရား တပည့်တော် နေလည်းမကောင်းပါဘူး၊ ကျန်းလည်း မကျန်းမာ

www.dhammadownload.com

ပါဘူး၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာလည်း မရှိပါဘူး ဘုရား။ တပည့်တော်မှာ ဒုက္ခဆင်းရဲမျိုးစုံ တွေ့ကြုံနေရပါတယ်။ လူ့လောကမှာနေရတာ အခက်အခဲ အကြပ်အတည်း တွေ့နေပါတယ်" ဆိုတော့ ဘုရားရှင်က သူ့ကို ထပ်မေးတယ်။ "ပုဏ္ဏားကြီး ဒီလိုဆိုရင် ငါဘုရားရှင်ရဲ့ သာသနာတော်မှာ ရဟန်းပြုမလား" လို့ မေးတော်မူလိုက်ပါတယ်။

လက်မခံကြပါဘုရား

ပုဏ္ဏားကြီးအတွက် ရေငတ်တုန်း ရေတွင်းထဲ ကျသလိုပါပဲ။ သူကလည်း သာသနာ့ဘောင်မှာ နေချင်တယ်၊ ဘုရားရှင်ကလည်း လိုလိုလားလား ဖိတ်ခေါ်တယ်။ ဒါပေမဲ့ သူစောစောကတည်းက ရဟန်းပြုဖို့ရာ သံဃာတော်တွေကို လျှောက်ပြီးသား၊ တောင်းပန်ပြီးသားပါ။ သံဃာတော်အရှင်မြတ်တွေက လက်မခံကြတာကြောင့် ဘုရားရှင်ကို လျှောက်ထားပါတယ်။

"မြတ်စွာဘုရား ဘုရားတပည့်တော် မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်တွင်းမှာ ရဟန်းတစ်ပါးအဖြစ်နဲ့ နေလိုလှပါတယ်ဘုရား။ ဒါပေမဲ့လို့ တပည့်တော်ကို ဘယ်သူကမှ လက်မခံပါဘူး၊ သံဃာတော်တွေက တပည့်တော်ကို ငြင်းပယ်ကြပါတယ်၊ ရဟန်းပြုမပေးကြပါဘူးဘုရား" လို့ ဘုရားရှင်ကို လျှောက်ထားပါတယ်။

www.dhammadownload.com

သူ့ကျေးဇူးကို မှတ်မိသလား

ဘုရားမြတ်စွာက ကျောင်းတိုက်ထဲမှာရှိတဲ့ သံဃာတွေအားလုံးကို စုဝေးခိုင်းပါတယ်။ ကျောင်းရှိသမျှ ရဟန်းသံဃာတွေ ဘုရားရှင်ရှေ့မှောက် ရောက်လာကြပါတယ်။ ဘုရားရှင်ရှေ့က ပုဏ္ဏားကြီးကို အလယ်မှာထား ရဟန်းသံဃာတွေက ဘေးပတ်ခြာလည်မှာ ဝိုင်းပြီး သီတင်းသုံးနေကြချိန်မှာ မြတ်စွာဘုရားက ပုဏ္ဏားကြီးကို ညွှန်ပြပြီးတော့ မိန့်ကြားပါတယ်။

"ရဟန်းတို့ - ဟောဒီ ရာဓပုဏ္ဏားကြီး ရဟန်းပြုချင်တယ်၊ ဒီရာဓပုဏ္ဏားကြီးရဲ့ ကျေးဇူးတရားကို သိတဲ့ ရဟန်းတော်များ သင်တို့ထဲမှာရှိသလား" လို့ မေးတော်မူပါတယ်။ ဆိုလိုတာက ရာဓပုဏ္ဏားကြီး ပြုထားတဲ့ ကျေးဇူးကို မှတ်မိတဲ့သူ၊ သိရှိတဲ့သူ ဒီရဟန်းတော်

www.dhammadownload.com

တွေထဲမှာ ရှိသလားလို့ မေးလိုက်တာပါ။ ရဟန်း သံဃာတွေ တစ်ပါးမှ ကျေးဇူးရှိပါတယ်လို့ မလျှောက်ကြပါဘူး။

တပည့်တော်ရဲ့ ကျေးဇူးရှင်

အဲဒီမှာ အရှင်သာရိပုတ္တရာ အရှင်မြတ်က လက်အုပ်ချီမိုးပြီး လျှောက်ထားတယ်။ "မြတ်စွာဘုရား ရာဓပုဏ္ဏားကြီးသည် တပည့်တော်ကို ကျေးဇူးပြုဖူးပါတယ် မြတ်စွာဘုရား။ သူပြုဖူးတဲ့ ကျေးဇူး တပည့်တော် မှတ်မိပါတယ်၊ သတိရပါတယ်။ အောက်မေ့သိရှိပါတယ်။ ဒီပုဏ္ဏားကြီးဟာ တပည့်တော်ရဲ့ ကျေးဇူးရှင်ပါ မြတ်စွာဘုရား" လို့ လျှောက်ထားပါတယ်။

ဘယ်လိုမှ ဆက်စပ်ကြည့်လို့ မရပါဘူး။ အရှင်သာရိပုတ္တရာဆိုတာက မြတ်စွာဘုရားရှင်ရဲ့ တပည့်ကြီးပါ။ ပညာအရာမှာ ဧတဒဂ်ရပါတယ်။ လက်ယာရံအဂ္ဂသာဝကပါ။ ကြီးကျယ်ခမ်းနားတဲ့ ဂုဏ်ပေါင်းများစွာ ရရှိပိုင်ဆိုင်ထား၊ ရရှိထားတဲ့ ရဟန္တာအရှင်မြတ်ပါ။ ဒီပုဏ္ဏားကြီး ကြည့်လိုက်ပြန်တော့ အောက်တန်း နောက်တန်းကျ၊ ဆင်းရဲဒုက္ခရောက်၊ စားရမဲ့ သောက်ရမဲ့နဲ့ အိမ်က လက်မခံ၊ ကျောင်းက လက်မခံနဲ့၊ တစ်ကိုယ်လုံး ပိန်ခြုံးညှိုးနွမ်းခြောက်ကပ်ပြီးတော့ လူရုပ်တောင် မပီတဲ့သူပါ။

www.dhammadownload.com

သူ့ကို အရှင်သာရိပုတ္တရာအရှင်မြတ်ကိုယ်တိုင် အသိအမှတ်ပြုပြီး တပည့်တော်ကို ကျေးဇူးရှိပါတယ်။ ကျေးဇူးပြုဖူးတယ်ဆိုတော့ တစ်ကျောင်းတိုက်လုံး သံဃာတွေ အံ့သြကြတယ်၊ သိချင်ကြတယ်။ ဒီပုဏ္ဏား ကြီးက ဒီအရှင်မြတ်ကို ဘယ်လိုများ ကျေးဇူးပြုသလဲ။ ကျေးဇူးရှိတယ်လို့ ပြောရလောက်အောင် ဘာများ ကျေးဇူးပြုဖူးသလဲလို့ သိချင်နေတဲ့အချိန်မှာ မြတ်စွာ ဘုရားက မေးတယ်။

www.dhammadownload.com

ဘယ်လိုကျေးဇူး ပြုဖူးသလဲ

ရာဓပုဏ္ဏားကြီးရဲ့ ကျေးဇူးတရား ထင်ရှားအောင် "ချစ်သား သာရိပုတ္တရာတဲ့၊ ဟောဒီ ရာဓပုဏ္ဏားက သင့်ကို ဘယ်လိုများ ကျေးဇူးပြုဖူးသလဲ" လို့ ဘုရားရှင်က ပရိသတ်အလယ်မှာ မေးတော်မူပါတယ်။ အရှင်သာရိပုတ္တရာက "မြတ်စွာဘုရား၊ ရာဓပုဏ္ဏားကြီးသည် တပည့်တော်ကို တစ်ကြိမ်တစ်ခါ ဆွမ်းတစ်ဇွန်း လောင်းလှူဖူးပါတယ် မြတ်စွာဘုရား" လို့ လျှောက်ပါတယ်။

သူသိတဲ့ ကျေးဇူး၊ သူမှတ်မိတဲ့ကျေးဇူးကို အရှင်မြတ် လျှောက်ထားလိုက်တာပါ။ ဆွမ်းလောင်းဖူးတယ်။ တစ်ကြိမ်တစ်ခါ ဆွမ်းတစ်ဇွန်း လောင်းလှူဖူးတဲ့ ကျေးဇူးကို အရှင်မြတ်ကြီး အမှတ်ရနေတာ၊ မမေ့ပျောက်တာ သိပ်အံ့ဩစရာကောင်းပါတယ်။ အရှင်မြတ်သည် ဘုန်းကံကြီးသူပါ။ လှူဒါန်းတဲ့ ဒကာ၊ ဒကာမတွေ များပါတယ်။ ကြည်ညိုတဲ့သူတွေများပါတယ်။

www.dhammadownload.com

ဆွမ်းခံကြွပြီဆိုရင် ဆွမ်းလောင်းလှူတဲ့သူ အမြောက်အများရှိပါလိမ့်မယ်။ မြို့ရွာဒေသအသီးသီးမှာ နေ့တိုင်းနေ့တိုင်းဆွမ်းခံထွက်နေတယ်ဆိုတော့လှူဒါန်းဖူးတဲ့သူတွေ အားလုံးပေါင်းရင် ရာထောင်သောင်း သိန်းချီပြီးတော့ ရှိမှာပါပဲ။ ဆွမ်းတစ်ဇွန်း လောင်းတယ်ဆိုတာသည် သိသာထင်ရှားတဲ့အလှူအတန်းမျိုးလည်း မဟုတ်ပါဘူး။

မှတ်မိနိုင်ဖို့ မလွယ်

ဘုန်းကြီးတို့ စဉ်းစားကြည့်တယ်။ ငါသာဆိုရင် မှတ်မိမလားလို့ စဉ်းစားကြည့်တယ်။ မှတ်မိဖို့ မလွယ်ပါဘူး။ ကိုယ့်ကို ဆွမ်းတစ်ဇွန်းလောင်းဖူးတဲ့သူတွေ အများကြီးပါ။ ဆွမ်းတစ်ကြိမ် လှူဖူးတဲ့သူတွေ အများအပြားရှိပါတယ်။ အားလုံးကို မှတ်မိဖို့မလွယ်ပါဘူး။

အရှင်မြတ်က ရာဓပုဏ္ဏားရဲ့ ကျေးဇူးကို ပရိသတ်အလယ်မှာ ထင်ထင်ရှားရှား တိတိကျကျ ဖော်ထုတ်ပြတယ်။ အရှင်မြတ်ပြောလိုက်တဲ့ ကျေးဇူးတရားများတယ်လို့ မဆိုနိုင်ပါဘူး။ တစ်ကြိမ်တစ်ခါ ဆွမ်းတစ်ဇွန်း လောင်းလှူဖူးခဲ့တယ်။ ကျေးဇူးရှိတဲ့သူ ကျေးဇူးရှင် ဆွမ်းအလှူရှင်ပါတဲ့။ အဲဒီတော့ ဘုရားရှင်က "ချစ်သား သာရိပုတ္တရာ ဒီလိုဆိုရင် သင်က ဒီရာဓပုဏ္ဏားကြီးရဲ့ လိုအင်ဆန္ဒကို ဖြည့်ဆည်းလိုက်ပါ။ သူ ရဟန်းပြုချင်နေတယ်၊ လိုအပ်နေတဲ့ သပိတ် သင်္ကန်း ပရိက္ခရာဖြည့်ဆည်းပေးလိုက်ပါ။ရဟန်းပြုပေးလိုက်ပါ" လို့ မိန့်ကြားတော်မူပါတယ်။

www.dhammadownload.com

ဘယ်လို ရဟန်းပြုပေးရပါမလဲ

ရဟန်းပြုပေးလိုက်ပါဆိုတော့ "မြတ်စွာဘုရား ရာဓပုဏ္ဏားကြီးကို ဘယ်ပုံဘယ်နည်း ရဟန်းပြုပေးရပါမလဲ ဘုရား၊ ဘယ်လိုများ ရဟန်းပြုပေးရပါမလဲ"လို့ ပြန်လည်လျှောက်ထားပါတယ်။ ဘုရားရှင်ကို အရှင်မြတ် ပြန်လျှောက်တဲ့စကားက "ရဟန်းပြုမပေးတတ်ဘူးလား၊ ဘာလို့ပြန်မေးရတာလဲ"လို့ စဉ်းစားစရာပါပဲ။

အရှင်ရာဓသည် ရဟန်းပြုပြီးတဲ့အချိန်မှာ ဥတ်ကမ္မဝါစာနဲ့ ရဟန်းတော်တွေထဲမှာ ပထမဦးဆုံး ရဟန်းဖြစ်လာသူလို့ သာသနာ့သမိုင်းမှာ မှတ်တမ်းဝင်တယ်။ ရဟန်းပြုဖူးသူတွေ သိပါတယ်။ သိမ်ထဲမှာ သံဃာတော်အရှင်မြတ်တွေက လက်အုပ်ချီ ဆောင့်ကြောင့်ထိုင်နေတဲ့ ရဟန်းလောင်းကို ကမ္မဝါစာ ရွတ်ဖတ်ပေးတယ်။ ကမ္မဝါစာပြီးဆုံးရင် ရဟန်းလောင်းသည် ရဟန်းဖြစ်

www.dhammadownload.com

သွားပါတယ်။ အဲဒီနည်းလမ်းနဲ့ ရဟန်းပြုသွားတဲ့ အထဲမှာ ပထမဦးဆုံးသော ရဟန်းသည် အရှင်ရာဓပါ။ ဒီပုဂ္ဂိုလ်ကြီး ကံထူးပါတယ်။

ပထမဦးဆုံးသော ရဟန်း

သာသနာမှာ သူ့ရှေ့မှာ ရဟန်းပြုကြသူတွေ ရှိတယ်။ ဓမ္မစကြာတရားနာယူပြီး ပထမဆုံး ရဟန်း ဖြစ်တဲ့သူက ကောဏ္ဍညပါ။ အရှင်ကောဏ္ဍည ဘယ် နည်းဘယ်ပုံ ရဟန်းဖြစ်လာလဲ သတိထားကြည့်ပါ။ ဧဟိဘိက္ခု ခေါ်တော်မူလို့ ရဟန်းဖြစ်လာတယ်။

ဘုရားရှင်က "ဘိက္ခု ရဟန်း၊ ဧဟိ - လာလော့" ရဟန်းလာခဲ့လို့ ခေါ်လိုက်တာနဲ့ လူ့အသွင်အပြင် ကွယ်ပျောက်သွားတယ်။ ဆံပယ်ပြီးသား၊ ခေါင်းရိတ် ပြီးသား၊ သင်္ကန်းသပိတ် ပရိက္ခရာ ပြည့်စုံစွာ ဆင်မြန်း ပြီးသား၊ ရဟန်းအသွင်အပြင် ရောက်လာတယ်၊ ရဟန်း ဖြစ်လာပါတယ်။

မြတ်စွာဘုရားရှင် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်မှာ ဘုရားဖြစ်ပြီး ဝါဆိုလပြည့်နေ့မှာ ပဉ္စဝဂ္ဂီငါးဦးတို့ကို တရားဦးဒေသနာဟောပါတယ်။ အရှင်ကောဏ္ဍညက စပြီးတော့ အစဉ်အတိုင်း ရဟန်း တွေ ဖြစ်လာကြပါတယ်။ ဝါလကင်းလွတ် သီတင်းကျွတ် ပြီးနောက်ပိုင်း သံဃာအပါး ၆၀ လောက် ဖြစ်လာကြ

www.dhammadownload.com

တဲ့အချိန်ကျတော့ ဒီရဟန်းတော် ၆၀ ကို ဘုရားရှင်က သာသနာပြုစေလွှတ်ပါတယ်။

"တိုင်းပြည်ဒေသအသီးသီး နေရာအနှံ့အပြား ခရီးသွားကြ။ လမ်းတစ်ကြောင်းတည်းကို နှစ်ပါး မသွားကြနဲ့။ တစ်ပါးတစ်လမ်းသွားပြီး သာသနာ ကျယ် ပြန့်သွားအောင် ဗုဒ္ဓဝါဒ သင်ကြားပို့ချကြ ဟောပြောကြ" ဆိုပြီး သာသနာပြုလွှတ်တော့ တရားဓမ္မတွေ နာယူပြီး တဲ့ အမျိုးကောင်းသားတွေက ရဟန်းပြုပြီးတော့ သာ သနာ့ဘောင် ဝင်ချင်ကြပါတယ်။

"တပည့်တော်တို့လည်း အရှင်ဘုရားတို့လို သာသနာ့ဘောင်ဝင်ချင်တယ်။တရားဓမ္မတွေကျင့်သုံးဖို့ ရဟန်းပြုချင်ပါတယ်" လျှောက်ထားတဲ့အခါမှာ မြတ်စွာ ဘုရားထံ ရဟန်းလောင်းကို ခေါ်လာရတယ်။ ဘုရား ရှင်ထံမှောက် တစ်ခေါက်ပြန်ရောက်ပါမှ မြတ်စွာဘုရား က သရဏဂုံနဲ့ ရဟန်းခံပေးတယ်၊ ဒီခေတ်ဘုန်းကြီးတို့ ရှင်သာမဏေဝတ်ပေးသလိုပါပဲ။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ သုံးကြိမ် သုံးခေါက် တိုင်တည်ရွတ်ဆိုပြီးရင် သရဏဂုံ ခံယူ ဆောက်တည်ပြီးရင် ရဟန်းဖြစ်သွားပါတယ်။ ဘုရားရှင် ကိုယ်တိုင် ရဟန်းပြုပေးတာပါ။

အဲဒီရဟန်းက သာသနာပြုရာဒေသ တစ်ခေါက် ပြန်ကြွသွား နောက်တစ်ခါ ရဟန်းလောင်းတစ်ပါးက

www.dhammadownload.com

ရဟန်းပြုချင်တယ်ဆိုရင် နောက်တစ်ခါ ဘုရားရှင်ထံ ခေါ်လာရတယ်။ ရဟန်းပြုပေးရတယ်။ သွားလိုက် ပြန်လိုက်နဲ့ ပင်ပန်းကြတယ်။ သာသနာပြုရဟန်းတွေလည်း ပင်ပန်းတယ်၊ ရဟန်းလောင်းတွေလည်း ပင်ပန်းတယ်။ ခေါက်တုံ့ခေါက်ပြန် သွားချီ ပြန်ချီနဲ့ဆိုတော့ သာသနာပြုလုပ်ငန်းလည်း အဆင်မပြေဘူး၊ ခရီးမတွင်ဘူး။ အခက်အခဲတွေ ဖြစ်နေကြပါတယ်။

www.dhammadownload.com

ရဟန်းပြုနည်း အသစ်

အခက်အခဲကို သိတော်မူ မြင်တော်မူတဲ့ မြတ်စွာဘုရားက ရဟန်းပြုနည်းအသစ်ကို ပြဋ္ဌာန်းပေးချင်တယ်၊ ပညတ်ပေးချင်တယ်။ ဗုဒ္ဓရဲ့ အလိုဆန္ဒတော်ကို ရိပ်စားမိတဲ့ အရှင်သာရိပုတ္တရာအရှင်မြတ်က "မြတ်စွာဘုရား၊ ဘုရားတပည့်တော်သည် ရာဓပုဏ္ဏားကို ဘယ်နည်း ဘယ်ပုံ ရဟန်းပြုပေးရမှာပါလဲ မြတ်စွာဘုရား" လျှောက်ထားတော့မှ မြတ်ဗုဒ္ဓက ကမ္မဝါစာနဲ့ ရဟန်းပြုတဲ့နည်းကို တီထွင်သတ်မှတ်ပြီးတော့ ပြဋ္ဌာန်းပေးလိုက်ပါတယ်။

အဲဒီနည်းဟာ ဒီနေ့ထိ ဘုန်းကြီးတို့သာသနာမှာ ဆက်လက်တည်တံ့နေတယ်။ ဒီနေ့ခေတ်ထိကို ရဟန်းပြုချင်တယ်ဆိုရင် ဘုရားရှင် ထင်ရှားမရှိတော့ပေမဲ့ လုံလောက်တဲ့ သံဃာအရေအတွက်နဲ့ ကမ္မဝါစာရွတ်ဖတ်ပြီး ကမ္မဝါစာပြီးဆုံးရင် ရဟန်းဖြစ်ပါတယ်။ အရှင်ရာဓက ဒီနည်းနဲ့ ပထမဦးဆုံး ရဟန်းဖြစ်တဲ့သူပါ။

www.dhammadownload.com

ရဟန်းဖြစ်လာပြီးနောက်

ရဟန်းဖြစ်လာချိန်မှာလည်း အရှင်သာရိပုတ္တရာက ဒီရဟန်းကို သေသေချာချာ ထိန်းသိမ်းပါတယ်၊ ကွပ်ကဲပါတယ်။ ဘယ်လိုနေ၊ ဘယ်လိုမနေနဲ့။ ဘယ်လိုအားထုတ်၊ ဘယ်လိုကျင့်ရမယ်။ ဘယ်လိုနှလုံးသွင်းရမယ်၊ စနစ်တကျ သွန်သင်ဆုံးမပေးပါတယ်။ ရဟန်းပြုပြီး နှစ်ရက် သုံးရက်အတွင်းမှာ အရှင်ရာဓသည် ရဟန္တာဖြစ်သွားပါတယ်။ အံ့သြစရာပါ။ မထင်မှတ်စရာပါ။

သာသနာ့ဘောင်ဝင်လာတော့ အသက်လည်းကြီးပြီ။ အသက်အရွယ် အိုမင်းနေပြီ။ ကျန်းမာရေးကလည်း ချို့ယွင်းနေတယ်။ စိတ်ပိုင်းဆိုင်ရာ သောကတွေကလည်း ဖိစီးနေတယ်။ အလွယ်တကူ တရားရမယ်လို့ထင်စရာမရှိပါဘူး။

စောင့်ရှောက်ချီးမြှောက်

ကိုယ်လည်းမချမ်းသာ၊ စိတ်လည်းမချမ်းသာရတဲ့ အခြေအနေကနေ ရဟန်းဖြစ်လာချိန်မှာ အရှင်သာရိပုတ္တရာသည် သူ့ကျေးဇူးကို ဘယ်လောက်ထိ ပေးဆပ်သလဲဆိုတော့ ရဟန်းအသစ်ဆိုတာ သိက္ခာဝါက အငယ်ဆုံးဆိုတော့ ဆွမ်းခံရင်လည်း နောက်ဆုံးက လှူကြတန်းကြတာကို အလှူခံကြရင်လည်း နောက်ဆုံးက

www.dhammadownload.com

ပါပဲ။ အငယ်ဆုံး ရဟန်းအသစ်ဆိုတော့ နေရာတကာ နောက်ဆုံးကပါပဲ။ ဘာပဲပြောပြော ချို့တဲ့မှာပဲလို့ သိတော့ ဝါစဉ်အလိုက်စီလိုက်ရင် အရှင်မြတ်ရဲ့ အလှည့် ကျရောက်လာတဲ့ ဆွမ်းကို ကိုယ်တိုင်မဘုဉ်းပါဘူး။ သူ့တပည့်ရဟန်း အရှင်ရာဓကို ချီးမြှောက်ပါတယ်။

အရှင်သာရိပုတ္တရာသည် ရှေ့ဆုံးက မထေရ်ကြီး ဆရာတော်ကြီးပါ။ သင်္ကန်းဆိုရင်လည်း ဝါအငယ်ဆုံး က အညံ့ဆုံးရမယ်။ အရှင်သာရိပုတ္တရာက သူ့အတွက် ရလာတဲ့သင်္ကန်း အရှင်ရာဓကို စွန့်ပါတယ်။ နေရာ ထိုင်ခင်းဆိုရင်လည်း မထေရ်ကြီးတွေက နေရာ ကောင်းရတယ်။ မထေရ်ငယ်တွေက နေရာအညံ့မှာ နေရတယ်။ သူ့အတွက်ရတဲ့နေရာ၊ ကောင်းတဲ့နေရာကို အရှင်ရာဓကို ပေးပါတယ်။

စားဝတ်နေရေး ချို့တဲ့ပြီး ရောက်လာတဲ့ အရှင် ရာဓဟာ ခုတော့ စားရေးလည်း ပြည့်စုံတယ်၊ နေရေး လည်း ပြည့်စုံတယ်၊ ဝတ်ရေးလည်း ပြည့်စုံတယ်။ ဘာမှ မပူပင်ရဘူး၊ မတောင့်တရဘူး၊ မကြောင့်ကြရဘူး၊ အဲဒီတော့ စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ လွတ်လွတ် လပ်လပ် အရှင်ရာဓမှာ တရားဓမ္မ ကျင့်သုံးရတယ်၊ ကျင့်နိုင်ပါတယ်။ ဒီအခြေအနေရောက်လာအောင် အရှင်မြတ်က သူ့ကို ဘာလို့ဒီလောက်တောင် စောင့် ရှောက်နေတာလဲဆိုရင် ကျေးဇူးရှိလို့ပါ။ ကျေးဇူးသိ လို့ပါ။

www.dhammadownload.com

ကျေးဇူးရှိခဲ့တယ်ဆိုတာတောင် ပြောမယ်ဆိုရင် ကြီးကျယ်တယ်လို့ ပြောလို့မဖြစ်လောက်တဲ့ ကျေးဇူးမျိုးပါ။ ဘာကျေးဇူးတွေ ပြုဖူးခဲ့သလဲ။ ဆွမ်းတစ်ဇွန်း တစ်ကြိမ်လောင်းလှူဖူးတယ်။ ကျေးဇူးရှိတဲ့သူတွေ အများကြီးထဲမှာ သူထူးထူးခြားခြား ကောင်းကျိုးရနေတယ်။ အဆင်ပြေနေတယ်။ အရှင်သာရိပုတ္တရာရဲ့ ကျေးဇူးသိတတ်မှုနဲ့ စိတ်ချမ်းသာ ကိုယ်ချမ်းသာ တရားဓမ္မကျင့်ရပါတယ်။ တရားဓမ္မလည်း သိမြင်ရပါတယ်။

www.dhammadownload.com

တရားနဲ့ ကျေးဇူးဆပ်

အရှင်ရာဓကလည်း အရှင်မြတ်ရဲ့ ကျေးဇူးကို ပြန်သိပါတယ်။ "ငါ သာသနာတော်မှာ မျက်နှာမငယ်ရတာ အရှင်မြတ်ရဲ့ ကျေးဇူးကြောင့်ပါပဲ" လို့ နားလည်ပါတယ်။ အရှင်သာရိပုတ္တရာရဲ့ တပည့်ဆိုတော့ နေရာတကာမှာ ဦးစားပေးခံရတယ်။ ငါ့ဆရာသမားရဲ့ ကျေးဇူးပဲ။ စားဝတ်နေရေး အကုန်လုံးပြည့်စုံတာ ဆရာသမား ကျေးဇူးကြောင့်။ ငါ ကျေးဇူးသိတတ်ရမယ်၊ ဆရာသမားကို ကျေးဇူးပြန်ဆပ်ရမယ်" လို့ အရှင်ရာဓကလည်း ခံယူတယ်၊ နှလုံးသွင်းတယ်။ ဘယ်နည်းနဲ့ သူ ကျေးဇူးဆပ်လည်းဆိုရင် တရားနဲ့ ကျေးဇူးဆပ်ပါတယ်။

အရှင်သာရိပုတ္တရာကလည်း သူ့ကို ဆွမ်းလှူဖူးလို့ ကျေးဇူးဆပ်တာဟာ တရားနဲ့ ကျေးဇူးဆပ်တာပါ။ ရဟန်းဘဝရောက်အောင် စောင့်ရှောက်တယ်။ ရဟန်း

www.dhammadownload.com

ဖြစ်ပြီးတဲ့ အချိန်ကစပြီး တရားဓမ္မ သွန်သင်နည်းပြ ပေးပါတယ်။

တိုက်ဆိုင်လို့ ပြောရမယ်ဆိုရင် ဒီသာသနာနဂ္ဂဟ ဆွမ်းလောင်းအသင်းရဲ့ ဆွမ်းလောင်းလှူခဲ့တဲ့ ကျေးဇူး ရဟန်းသံဃာတွေမှာရှိနေပါတယ်။ ရက်ပေါင်းများစွာ အကြိမ်ပေါင်းများစွာ သံဃာတော်အရှင်သူမြတ် အမြောက်အမြား ဆွမ်းလောင်းလှူပြီးတော့ ထောက်ပံ့ ကြတယ်။ အခု တရားဓမ္မ ပြန်ဟောပြောပေးနေတာက ကျေးဇူးရှင်တွေရဲ့ ကျေးဇူးကို တရားနဲ့ ပြန်ဆပ်နေတာ ပါ။

အရှင်ရာဓ ကျေးဇူးဆပ်တဲ့အနေနဲ့ တရားကျင့် တယ်။ အရှင်သာရိပုတ္တရာကလည်း သူ့ကို ကျေးဇူး ဆပ်တဲ့အနေနဲ့ တရားဓမ္မသင်ပေးတယ်။ သူတော် ကောင်းတွေ ကျေးဇူးဆပ်ကြရာမှာ တရားနဲ့ ဆက်နွယ် ပြီးတော့ ကျေးဇူးဆပ်တယ်ဆိုတာလေး မှတ်ထားကြပါ။

ကြီးမှ ရဟန်းဝတ်လာသူများ

ဆရာတပည့်နှစ်ယောက် မြတ်စွာဘုရားထံ မှောက် ရောက်ကြတော့ ဘုရားရှင်က မေးပါတယ်။ "သာရိပုတ္တရာ ဘယ့်နှယ်လဲ၊ သင့်တပည့် ရဟန်းကြီး အရှင်ရာဓ အဆင်ပြေရဲ့လား"တဲ့။ အဆင်ပြေရဲ့လားလို့ မြတ်စွာဘုရားမေးတာ အဓိပ္ပာယ်ရှိပါတယ်။

အသက်ကြီးမှ ရဟန်းပြုသူတွေဟာ ပြောဆိုဆုံးမ မှု ခံယဉ်းတဲ့သဘောရှိပါတယ်။ ဘုရားရှင်ကိုယ်တိုင်က

www.dhammadownload.com

တောထွက်ရဟန်းကြီးတွေကို ဆုံးမခက်တယ်လို့ မိန့်ကြားထားပြီးသားပါ။ ဘာလို့ ဆုံးမခက်ရတာလဲဆိုတော့ ကိုယ့်အိမ်ကိုယ့်ယာမှာကိုယ်က အိမ်ထောင်ဦးစီးလူကြီး ကိုယ့်မင်း ကိုယ့်ချင်း ကိုယ့်စကား အကုန်လုံး လိုက်နာရတယ်။ ကိုယ့်ဩဇာ အကုန်လုံး သက်ရောက်ရတယ်။

အဲဒီလိုနေခဲ့တဲ့သူက သာသနာ့ဘောင်မှာ ခုမှ ရဟန်းပြုတယ်ဆိုရင် ရဟန်းသစ်က အငယ်ဆုံး ဖြစ်သွားပါတယ်။ သူ့ရှေ့ရောက်နေတဲ့ ရှင်တွေရဟန်းတွေက သူ့ထက် သာသနာသက် ပိုကြီးနေကြတယ်။ သာသနာနဲ့ပတ်သက်ရင် သူ့ထက် တတ်သိနားလည်တယ်၊ အတွေ့အကြုံရင့်ပါတယ်။ သိနားလည်သူတွေက ပြောဆိုဆုံးမရင် ဘဝပြောင်းလာကာစ ရဟန်းကြီးများက လက်မခံချင်ကြပါဘူး။ "ငါ့သားလောက် ငါ့မြေးလောက်က ငါ့ဆရာလုပ်တယ်၊ ငါ့ထက် အသက်ငယ်သူက ငါ့ကို ဆရာလုပ်တယ်" ဆိုတဲ့ အမြင်မျိုးလေးရှိကြတော့ ပြောဆိုဆုံးမရင် လက်မခံချင်ကြတော့ဘူး။ အသက်ကြီးမှ ရဟန်းပြုရင် ပြောဆိုဆုံးမရ ခက်တတ်ပါတယ်။

အဲဒါကြောင့် မြတ်စွာဘုရားက မေးတာပါ။ "ဘယ့်နယ်လဲ သာရိပုတ္တရာ၊ သင့်တပည့် ရာဓရဟန်းကြီး အဆင်ပြေရဲ့လား" ဆိုတော့ အရှင်မြတ်က ပြန်လျှောက်ပါတယ်။ "မြတ်စွာဘုရား သာသနာမှာရှိနေတဲ့ ရဟန်းတော်များသည် သာသနာတွင်းနေကြတဲ့ ရဟန်းမှန်သမျှသည် အရှင်ရာဓလိုသာ ဖြစ်သင့်ပါတယ် မြတ်စွာဘုရား" တဲ့။

www.dhammadownload.com

စံတင်ရမယ့် တပည့်

အရှင်ရာဓကို စံနမူနာထားတယ်။ ရဟန်းအားလုံး ရာဓလိုဖြစ်ရင် ကောင်းမှာပဲတဲ့။ အဲဒီတော့ အရှင်ရာဓ သည် ဆုံးမခက်လို့လား၊ ဆုံးမလွယ်လို့လားဆိုတော့ ဆုံးမလွယ်လို့ပါ။ သိပ်ကို ဆုံးမရလွယ်တယ်။ ဒါမလုပ်နဲ့ ဆို မလုပ်ဘူး။ ဒီလိုမပြောနဲ့ဆို မပြောဘူး။ ဒီလိုနေဆို နေတယ်။ ဒီလိုမနေနဲ့ဆို မနေဘူး။ ဒီလိုကျင့်ဆို ကျင့် တယ်။ ဘာလို့ ဆုံးမရလွယ်တာလဲလို့ ပြန်ကြည့်ပါ။ အရှင်ရာဓ ဆုံးမလွယ်တာသည် ကျေးဇူးသိလို့ပါ။

ရဟန်းဘဝရောက်အောင် စောင့်ရှောက်ပေးတဲ့ ကျေးဇူး၊ ချီးမြှောက်ပေးတဲ့ကျေးဇူး၊ သွန်သင်ဆုံးမ နည်းလမ်းပြတဲ့ကျေးဇူး၊ သူ့ဆရာသခင်မှာ ကျေးဇူးတွေ ရှိတယ်၊ ကျေးဇူးတွေ တုံ့ပြန်ပေးဆပ်ရမယ်လို့ နားလည် ထားလို့ ဆုံးမရလွယ်တာပါ။

www.dhammadownload.com

ဒီလိုတပည့်မျိုးသာဆိုရင်

" သာရိပုတ္တရာ ပောဒ္ဓိ ရာဓရဟန်းလို ရဟန်းမျိုး တပည့်မျိုး ရဦးမယ်ဆိုရင် သင်လိုချင်သေးလား" လို့ ဘုရားရှင်က မေးပါတယ်၊ "မြတ်စွာဘုရား အရှင်ရာဓလို တပည့်မျိုးသာရမယ်ဆိုရင် တပည့်တော် အမြောက် အမြား လိုချင်လှပါတယ် မြတ်စွာဘုရား"တဲ့။ ဒီလို တပည့်မျိုးသာရရင် အများကြီးလိုချင်တယ်၊ အများကြီး လိုချင်တာဟာ တပည့်တွေ လိမ္မာလို့လား၊ မိုက်လို့လား ဆိုတော့ လိမ္မာလို့ပါ။

ဆရာသမားတွေလိုချင်တယ်ဆိုတဲ့တပည့်မျိုးဟာ တပည့်လိမ္မာတွေပါ။ သွန်သင်ဆုံးမရလွယ်တယ်၊ ဆရာ စကား နားထောင်တယ်။ ရိုကျိုးတယ်။ မိုက်တဲ့တပည့် မျိုးဆို ဆရာက လက်လန်သွားတယ်။ လိမ္မာတဲ့တပည့် တွေ ဘယ်လောက်များများ တစ်ရာဖြစ်စေ၊ တစ်ထောင် ပင်ဖြစ်စေ မပင်ပန်းဘူး။ တာဝန်မကြီးဘူး။ မလိမ္မာတဲ့ တပည့်၊ ဆိုးတဲ့တပည့်နဲ့ တွေ့ရင် "တော်ပြီ၊ တပည့် မမွေးချင်တော့ဘူး၊ တပည့်မမွေးတော့ဘူး" ဆိုပြီး တချို့ ဆရာတွေ စိတ်ပျက်သွားတယ်။

မိဘစကား နားထောင် ကျေးဇူးဆပ်

မိဘနဲ့ သားသမီး ကျေးဇူးရှိကြတယ်။ ဆရာနဲ့ တပည့် ကျေးဇူးရှိကြတယ်။ မိဘရဲ့ကျေးဇူး သားသမီး

www.dhammadownload.com

တွေ သိရမယ်။ ကျေးဇူးသိပြီး မိဘကျေးဇူးဆပ်ချင်ရင် အလွယ်ဆုံး အကောင်းဆုံးက မိဘစကားနားထောင်ပါ။ မိဘစကားနားထောင်၊ ပြောဆိုဆုံးမလွယ်တဲ့ သားသမီး မျိုးကို မိဘတွေက ကျွေးမွေးထားရတာ မပင်ပန်းဘူး၊ လိမ္မာတဲ့ သားသမီးတွေ (၅) ယောက်ဖြစ်စေ၊ (၁၀) ယောက်ဖြစ်စေ၊ (၁၅) ယောက် ဖြစ်စေ လုပ်ကျွေးရ ပြုစုရ ထိန်းသိမ်းရ စောင့်ရှောက်ရတာတွေကို ပင်ပန်း တယ်လို့ မထင်ကြပါဘူး။

ပြောဆိုဆုံးမခက်တဲ့ မလိမ္မာတဲ့ သားသမီး တစ်ယောက်ယောက်နဲ့ ကြုံတွေ့ရင် မိဘတွေ စိတ်ဆင်းရဲ ကြတယ်၊ ကိုယ်ဆင်းရဲကြတယ်။ "ဒီလိုတပည့်မျိုးသာ ရမယ်ဆိုရင် တပည့်တော် အမြောက်အမြားလိုချင်ပါ တယ် မြတ်စွာဘုရား" ဆိုတာ တပည့်လိမ္မာတွေကိုပါ။

သူလိမ္မာရတဲ့ အခြေခံအချက်သည် ကျေးဇူးကို သိတာပါ။ သားသမီးတွေ မလိမ္မာဘူး၊ မလိမ္မာဘူး ဆိုတာ ကျေးဇူးမသိလို့ပါ။ မိဘတွေရဲ့ ကျေးဇူးကိုသာ နှစ်နှစ်ကာကာ ထဲထဲဝင်ဝင်သိရင် ပြောဆိုဆုံးမလို့ လွယ်ပါလိမ့်မယ်၊ လိမ္မာပါလိမ့်မယ်။

ဒါကြောင့် မိဘကျေးဇူးသိအောင် ဆရာသမား ကျေးဇူးသိအောင်ကိုပြောပေးနေရတယ်၊ ပြပေးနေရ ပါတယ်အရှင်သာရိပုတ္တရာကမြတ်စွာဘုရား အရှင်ရာ ဓလိုတပည့်ရဟန်းတွေသာရမယ်ဆိုရင် တပည့်တော် အမြောက်အမြား လိုချင်ပါတယ်ဘုရား" တဲ့။

www.dhammadownload.com

ပဋိဘာန တေဒဂ်ဘွဲ့ထူးရ

အရှင်ရာဓနဲ့ပတ်သက်ပြီး ဘုရားမြတ်စွာသော်မှ ဒေသနာဉာဏ်အသစ်အသစ်တွေ ဖြစ်လာလို့ နောက်ပိုင်းကျတော့ သူ့ကို တေဒဂ်ပေးပါတယ်။ သူ့အကြောင်း ပြုပြီးတော့ ဟောစရာ ပြောစရာ အသစ်အသစ်တွေ ပေါ်လာလို့ ပဋိဘာန တေဒဂ်ဘွဲ့ထူးကို အရှင်ရာဓ ရပါတယ်။

အသက်ကြီးမှ ရဟန်းပြုလို့ သူ့ကို အထင်မသေးပါနဲ့။ ပဋိဘာနတေဒဂ်တောင် ရသွားပါသေးတယ်၊ ဆရာ့စကားနားထောင်တဲ့ တပည့်ပါ။ ဆရာတပည့်နှစ်ယောက်လုံးကို အားလုံးက ချီးမွမ်းကြတယ်။ အထူးသဖြင့် အရှင်သာရိပုတ္တရာကို ချီးမွမ်းကြပါတယ်။

"ကြည့်စမ်းပါ၊ ဆွမ်းတစ်ဇွန်းလောင်းလှူဖူးတဲ့ ကျေးဇူးသိတတ်လိုက်တာ။ တစ်ကြိမ်တစ်ခါလေး ဆွမ်းလောင်းဖူးတဲ့ ကျေးဇူးဆပ်လိုက်တာ အစစအရာရာ စားရေး ဝတ်ရေး နေရေး ဘာမှမခက်အခဲမရှိစေရဘူး။

www.dhammadownload.com

တရားခမ္မသိမြင်တဲ့အထိကို ကူညီတယ်၊ စောင့်ရှောက်တယ်၊ သင်ကြားပေးတယ်၊ အရှင်မြတ် သိပ်ကို ကျေးဇူးသိတတ်တယ်၊ ကျေးဇူးဆပ်တတ်တယ်" လို့ သံဃာတွေ ပြောကြတဲ့စကား၊ ဒကာဒကာမတွေ ပြောကြတဲ့စကားကို မြတ်စွာဘုရားကြားတော့ ရဟန်းသံဃာတွေကို မြတ်စွာဘုရား အမိန့်ရှိပါတယ်။

"ချစ်သားတို့၊ ငါ့သားတော် သာရိပုတ္တရာသည် ဒီဘဝမှာတင် သူ့ကျေးဇူးကို သိတတ်တာ မဟုတ်သေးပါဘူး။ ဟိုးတိရစ္ဆာန်ဖြစ်ခဲ့တဲ့ ကာလမှာလည်း သူ့ကျေးဇူးကို သိတတ်တယ်၊ ကျေးဇူးကို ပေးဆပ်တတ်တယ်" လို့ မိန့်ကြားတော်မူပါတယ်။

တိရစ္ဆာန်ဘဝ ဖြစ်စဉ်မှာတောင်

လူ့ဘဝမှာ ကျေးဇူးသိတာ အံ့ဩစရာမဟုတ်ဘူးတဲ့။ တိရစ္ဆာန်ဖြစ်စဉ်မှာတောင်မှ သူ့ကျေးဇူးကို သိတတ်တယ်။ အသိဉာဏ်နည်းတဲ့ တိရစ္ဆာန်တောင်မှ သူ့တစ်ပါးရဲ့ ကျေးဇူးကိုသိတယ်ဆိုရင် အသိဉာဏ်ရှိတဲ့ လူတစ်ယောက်အနေနဲ့ သူ့ကျေးဇူးကို သိတတ်ဖို့ ပိုကောင်းပါတယ်။

ရှေးလူကြီးသူမတွေ ဆုံးမဖူးတာရှိတယ်၊ အရိပ်နေနေ အခက်ချိုးချိုး မလုပ်နဲ့နော်တဲ့။ အရိပ်ခိုဖူးတဲ့ သစ်ပင်ကိုတောင်မှ ကျေးဇူးရှင်အဖြစ် ဂုဏ်တင်ကြတဲ့ သဘောပါ။

နွေရာသီကာလ ပူလောင်အိုက်စပ်ပြီး ချွေးသီးချွေးပေါက်များကျပြီး ပင်ပန်းနေတဲ့အချိန်မှာ သစ်ပင်

www.dhammadownload.com

ရိပ်များ နားခိုလိုက်ရရင် လမ်းခရီးမှာရှိနေတဲ့ သစ်ပင်ရိပ်အောက်ဝင်လိုက်ရရင် အမောအပန်းပြေသွားတယ်။ ပင်ပန်းမှုတွေ လျော့နည်းသွားတယ်။

ကိုယ့်ကို ကိုယ်စိတ်နှစ်ပါးချမ်းသာအောင် ပြုပေးတဲ့ သက်မဲ့သစ်ပင်ကိုတောင်မှ ရှေးလူကြီးသူမများက ကျေးဇူးရှင်အဖြစ် သတ်မှတ်ကြပါတယ်။ အကိုင်းအခက်မချိုးရဘူးတဲ့၊ မဖျက်ဆီးရဘူး။ ဆိုလိုတာက သက်မဲ့ကိုတောင်မှ ကျေးဇူးရှင်အဖြစ်သဘောထားရင် သက်ရှိပုဂ္ဂိုလ်တွေကို ပိုအလေးထားကြပါ ဆိုတဲ့သဘောပါ။

မိသားစုတစ်ခုမှာ မိဘတွေဟာ သားသမီးတွေရဲ့ လူလားမြောက်အောင် ပြုစုပေးတဲ့ စောင့်ရှောက်ပေးတဲ့ ကျေးဇူးရှိတဲ့ပုဂ္ဂိုလ်တွေပါ။ ကိုယ့်ဘဝတစ်လျှောက်မှာ အသိပညာ အတတ်ပညာတွေပေးတဲ့ ကျေးဇူးရှိတဲ့ ဆရာသမားတွေ ရှိပါတယ်။ မိဘ ဆရာသမားတွေသည် အနီးကပ်ရှိနေတဲ့ ကျေးဇူးရှင်တွေပါ။ ကျေးဇူးရှင်တွေကို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် မလုပ်ရပါဘူး။ စိတ်ပျက်သွားအောင် စိတ်ညစ်အောင် စိတ်ပင်ပန်းအောင် စိတ်ဆင်းရဲအောင် မလုပ်ရပါဘူး။ အရိပ်နေနေ အခက်ချိုးချိုး မလုပ်နဲ့လို့ ပြောဆိုဆုံးမခဲ့တာဟာ ဘဝ အရိပ်ပေးသူတွေကိုလည်း ရည်ညွှန်းပါတယ်။

အခု ဘုရားရှင်က မိန့်ကြားနေတယ်။ "ငါ့ချစ်သား သာရိပုတ္တရာသည် ဟိုးတိရစ္ဆာန်ဖြစ်တဲ့ ဘဝမှာတောင်မှ သူ့ကျေးဇူးကို သိတတ်ပါပေတယ်။ သူ့ကျေးဇူးကို ပေးဆပ်တတ်ပါပေတယ်။ ကတညုတ ကတဝေဒီပုဂ္ဂိုလ်ဖြစ်တယ်" လို့ မိန့်ကြားပါတယ်။

www.dhammadownload.com

ကျေးဇူးသိမြင် ပြန်ဆပ်လျှင် သူတော်ကောင်း

ကတညုူဆိုတာက သူများပြုထားတဲ့ ကျေးဇူးတရားကို သိခြင်းပါ။ ကတညူ- သူတစ်ပါးတို့ ပြုထားအပ်ဖူး မြတ်ကျေးဇူးကို အထူးရှိသရွေ့ သိလေ့ရှိတယ်။ ကျေးဇူးရှိသမျှကို သိတယ်။ နည်းသည်ဖြစ်စေ များသည်ဖြစ်စေ တင်နေတဲ့ ကျေးဇူးမှန်သမျှ တင်ရှိနေတဲ့ ကျေးဇူးကြွေးကို သိတယ်။ ကတဝေဒီ - သူများပြုအပ် ကျေးဇူးမြတ်ကို တတ်သရွေ့မှတ်သရွေ့ဆပ်လေ့ရှိတယ်။ သိရုံနဲ့ မပြီးသေးဘူး၊ သိပြီးတဲ့ကျေးဇူးကို တုံ့ပြန်ဆပ်ရမယ်။ ဒါ သူတော်ကောင်းစိတ်ဓါတ်ပဲ။ သူတော်ကောင်းဖြစ်ချင်တဲ့ ပုဂ္ဂိုလ်တွေ ဒါဟာ လိုက်နာရမယ့် အချက်တစ်ချက်ပဲလို့ မှတ်သားထားပါ။

သူတော်ကောင်းဆိုတာ ကျေးဇူးကို သိရမယ်၊ သိရမယ့် ကျေးဇူးကို သိပြီး သိသရွေ့ ပြန်ဆပ်ရမယ်။

www.dhammadownload.com

"မြတ်စွာဘုရား ဒီဘဝမှာ အရှင်မြတ် ကျေးဇူးသိပုံ၊ ကျေးဇူးပြန်ဆပ်ပုံကို တပည့်တော်တို့ ကိုယ်တွေ့မျက်မြင်မို့လို့ သိနားလည်ရပါပြီ၊ ကြည်ညိုရပါပြီဘုရား။ ဒါပေမဲ့ တိရစ္ဆာန်ဖြစ်စဉ်တုန်းက ဘယ်နည်းဘယ်ပုံ ကျေးဇူးသိ ကျေးဇူးဆပ်တယ်ဆိုတာ တပည့်တော်တို့ သိချင်ပါတယ်၊ ဘုရားတပည့်တော်တို့ သိပါရစေ" လို့ ရဟန်းများက တောင်းပန်လျှောက်ထားတော့ မြတ်စွာဘုရားက အတိတ်ဖြစ်ရပ်ဇာတ်ကြောင်းတစ်ခုကို ပြန်ပြီးတော့ ဟောကြားပါတယ်။

www.dhammadownload.com

ဘုရားအလောင်း ပါရမီဖြည့်စဉ်

ငါးရာ့ငါးဆယ်ဇာတ်နိပါတ်မှာ "အလီနစိတ္တမင်းသား" ဆိုတဲ့ ဇာတ်တော်တစ်ခုရှိပါတယ်။ ဘုရားအလောင်းတော်ရဲ့ ဘဝဖြစ်တော်စဉ် တစ်ခုပါ။ ဘုရားအလောင်း ပါရမီဖြည့်စဉ်ကာလမှာ ကြုံတွေ့ခဲ့တဲ့ ဖြစ်ရပ်တစ်ခုပါ။၊ အရှင်သာရိပုတ္တရာတို့၊ အရှင်အာနန္ဒာတို့၊ အရှင်မဟာမောဂ္ဂလာန်တို့၊ မိထွေးတော် ဂေါတမီတို့၊ ယသော်ဓရာတို့တွေသည် ဘဝပေါင်းများစွာမှာ ဘုရားလောင်းနဲ့ ဆက်စပ်ခဲ့ကြတယ်၊ ပတ်သက်ခဲ့ကြပါတယ်။ ဘုရားလောင်း အလီနစိတ္တမင်းသား ဖြစ်စဉ်မှာ အရှင်သာရိပုတ္တရာနဲ့လည်း ဆက်စပ်ခဲ့တဲ့ ဖြစ်ရပ်တွေရှိခဲ့ပါတယ်။

လွန်ခဲ့တဲ့အတိတ်ရှေးခါ ကပ်ကမ္ဘာကာလက ဗာရာဏသီပြည်မှာ သစ်ခုတ်သမားငါးရာဟာ လိုချင်တဲ့

www.dhammadownload.com

သစ်တွေရဖို့အတွက် တောထဲတက်ပြီး သစ်ခုတ်ကြပါတယ်။ ဗာရာဏသီပြည်ရဲ့ အထက်ဘက် မြစ်ကြောင်းအတိုင်း ဆန်တက်သွားပြီးတော့ တောနက်ကြီးထဲဝင်လို့ချင်တဲ့ အဖိုးတန်သစ်တွေရှာဖွေကာ သစ်ထုတ်ယူနေကြတဲ့အချိန်ပါ။

ခြေနာနေတဲ့ ဆင်ရိုင်းကြီး

တောဆင်ရိုင်းကြီးတစ်ကောင်ဟာ သစ်ကိုင်းကျိုးသူ့ခြေထောက်ထိုးမိတဲ့အတွက် သွေးထွက်သံယိုဖြစ်ပြီး သစ်သားစတွေက ခြေထောက်ထဲမှာ စူးဝင်ကျန်နေပါတယ်။ ခြေထောက်ထဲမှာရှိနေတဲ့ သစ်သားစတွေ ဖယ်ထုတ်လို့မရရှာတော့ လမ်းမသွားနိုင်ပါဘူး။ အနာက ယဉ်းပြီး ထော့နင်းထော့နင်းနဲ့ ဒီဆင်ကြီး ဒုက္ခဖြစ်နေပါတယ်။ အနာနှိပ်စက်လို့ မစားနိုင် မအိပ်နိုင် ပင်ပန်းဆင်းရဲနေရှာပါတယ်။ "ဒီအတိုင်းသာဆိုရင် သေမှာပဲ။ လူသံသူသံ ကြားတဲ့နေရာသွား အကူအညီ တောင်းမှ အသက်ရှင်မယ်" တွေးပြီး ဆင်ကြီးက သစ်ခုတ်သမားတွေ ရှိတဲ့နေရာကို လာခဲ့ပါတယ်။

တောထဲက ဆင်ရိုင်းကြီး ရုတ်တရက် ထွက်လာတာကိုမြင်တော့ သစ်ခုတ်သမားတွေ လန့်ဖျပ်ပြီး ထွက်ပြေးကြတယ်။ လူတွေ ပြေးကြတဲ့အချိန်မှာ ဆင်ကြီးက ဆက်မသွားဘဲ ရပ်နေတယ်။ လူတွေက "ဆင်ကြီးလိုက်မလာဘူး၊ နေရာကို ပြန်ဝင်ကြမယ်"

www.dhammadownload.com

ဆိုပြီး ပြန်လာကြတော့ သူက လူတွေအနားကို တိုး သွားတယ်။ လူတွေလန့်နေတဲ့အချိန် သူက လိုက် မသွားဘူး။ လူတွေရပ်နေရင် အနားတိုးသွားတယ်။

နှစ်ခါ သုံးခါလောက် လိုက်တမ်းပြေးတမ်း ကစား သလိုဖြစ်နေတော့မှ လူတွေက ရိပ်မိလာကြ သိလာကြ တယ်။ "ဆင်ကြီးက တို့ကိုအန္တရာယ်ပြုမယ့်ပုံ မရှိဘူး။ အန္တရာယ်ပြုမှာတော့ မဟုတ်ဘူး။ ဘာအကြောင်းများ ရှိလဲ မသိဘူး" ဆိုပြီးတော့ ဆင်ကြီး အနားကပ်လာ တဲ့အခါ သေသေချာချာကြည့်လိုက်တော့မှ ခြေထောက် မှာ ဒဏ်ရာရနေတာ ခြေထောက်မှာ အနာဖြစ်နေတာ တွေ့ကြတယ်။

ပြုစုကယ်တင် စောင့်ရှောက်ကြ

"ငြော် တို့ကို သူ အကူအညီတောင်းတာ ဖြစ်မယ်၊ သူ့အနာ သက်သာအောင် ကုပေးကြစို့" ဆိုပြီးတော့ တတ်သမျှ မှတ်သမျှ အနာကို ဖန်ရေဆေးပေးကြတယ်။ သစ်ရွက်တွေ၊ သစ်မြစ်တွေ၊ သစ်ဥသစ်ဖုတွေနဲ့ အနာ ကို ဆေးထည့် ပတ်တီးစီးပြီး ကုသပေးကြတယ်။ ဂရု တစိုက် အစာကျွေးမွေးကြတယ်။ တစ်ပတ် ဆယ်ရက် လောက်ကြာတဲ့အခါကျတော့ အနာက လုံးဝကို ပျောက် ကင်းသွားပါတယ်။

အနာပျောက်ကင်းလို့ သက်သာသွားတော့ ဆင် ရိုင်းကြီး တောထဲ ပြန်ဝင်သွားပါတယ်။ တောထဲရောက်

www.dhammadownload.com

တော့ သူ့သားဖြစ်တဲ့ ဆင်ဖြူလေးတစ်ကောင်ခေါ်ပြီး တစ်ခေါက်ပြန်လာတယ်။ သူ့အသက်ကယ်ထားတဲ့ သစ်ခုတ်သမားတွေကို ကျေးဇူးဆပ်မယ်။ အသက်ကယ်ထားတယ်။ သူ့ဒဏ်ရာ အနာရောဂါကို ပျောက်ကင်းအောင် ကူညီပေးထားတယ်။ ဒီဒဏ်ရာ ဒီဝေဒနာတွေနဲ့ သေရမှာ မသေတော့ဘူး။ အသက်သခင်တွေ ဖြစ်တယ်။ ကျေးဇူးရှိတယ်၊ ကျေးဇူးဆပ်မယ်ဆိုပြီးတော့ သားဆင်ဖြူတော်လေးကို ခေါ်လာပြီး သစ်ခုတ်သမားတွေ လက်ထဲထားရစ်ခဲ့တယ်။

www.dhammadownload.com

ဆင်ဖြူတော်လေး ထားရစ်ခဲ့

ဆင်ဖြူလေးက လူတွေနဲ့ မနေခဲ့ချင်ဘူး၊ အဖေ့နောက်ကို ပြန်လိုက်လာတယ်။ ဆင်ကြီးက ပြန်ခေါ်လာပြီး ပြန်ထားခဲ့တယ်။ အဖေနဲ့သား တိရစ္ဆာန်ပေမဲ့ သံယောဇဉ်ရှိကြမှာပါ။ အတူတူနေချင်ကြမှာပါ။ နောက်ဆုံး သူ့သားကို သူပြောတယ်။ "ဒီလူတွေဟာ ငါ့အပေါ်မှာ ကျေးဇူးရှိကြတယ်။ မင်း အဲဒီကျေးဇူးကို ငါ့ကိုယ်စား ဆပ်ပေးပါ။ သူတို့လိုအပ်တာကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါ။ စောင့်ရှောက်ပါ" လို့ ဆင်ဖြူတော်လေး မှာခဲ့တယ်။ ဆင်ဖြူတော်လေးကလည်း သူ့ဖခင် ဆင်ကြီးရဲ့သဘောထားကို သဘောပေါက်နားလည်သွားတယ်။ နေရစ်ခဲ့တယ်။

ဆင်ဖြူလေးက သစ်ခုတ်သမားတွေ လိုအပ်တာမှန်သမျှ အကုန်လုံး ကူညီတယ်။ သစ်တွေခုတ်ပြီးရင်

www.dhammadownload.com

ဆင်လေးက ဆွဲပေးတယ်။ အလေးအပင်တွေ သယ် စရာ မစရာ ရွှေ့ပြောင်းစရာတွေရှိရင် ကူသယ်ပေး ဆွဲယူ ပေးတယ်။ သားရဲတိရစ္ဆာန်တွေရဲ့ ရန်ကို ကာကွယ်ပေး တယ်။

သစ်ခုတ်သမားတွေ ခါတိုင်းထက်ကို အလုပ်က ပိုပြီး တွင်ကျယ်လာတယ်၊ သက်သာလာတယ်။ အဲဒီလို ရင်းရင်းနှီးနှီးနဲ့ ချစ်ချစ်ခင်ခင်နေလာကြတယ်။ အလုပ် လုပ်တဲ့အချိန် အလုပ်လုပ်ပြီးရင် ကလေးတွေနဲ့ ပြေး လိုက် လွှားလိုက် ဆော့လိုက် ကစားလိုက်နဲ့ သံယောဇဉ် တွယ်နေကြတယ်။ ဆင်ဖြူတော်လေးနဲ့ လူတွေနဲ့ ရင်းနှီး ပြီး အကျွမ်းဝင်ပျော်ရွှင်နေကြပါတယ်။

ဆင်ဖြူတော်တွေရဲ့ ထူးခြားချက်

ဆင်ဖြူတော်တွေဟာ သာမန်ဆင်တွေနဲ့မတူတဲ့ ထူးခြားချက်တစ်ခုရှိပါတယ်။ မြစ်ထဲချောင်းထဲ ရေစီး ကြောင်းထဲ ဘယ်တော့မှ အညစ်အကြေး မစွန့်ပါဘူး။ ဒါဟာတန်ဖိုးရှိတဲ့ ဆင်ဖြူရတနာတို့ရဲ့ အကျင့်ကောင်း တစ်ခုလို့ပြောရပါမယ်။ မြစ်နဲ့ချောင်းနဲ့ဝေးတဲ့နေရာမှာပဲ အညစ်အကြေး စွန့်တတ်ကြပါတယ်။

ဒါပေမဲ့ တိုက်တိုက်ဆိုင်ဆိုင်လို့ ပြောရပါမယ်။ မိုးတွေရွာလို့ ရေတွေကြီးတဲ့ တစ်နေ့မှာ ဒီဆင်ဖြူတော် ရဲ့ မစင်အညစ်အကြေးတွေဟာ ရေစီးကြောင်းနဲ့

www.dhammadownload.com

အောက်ဘက်ကို မျောပါသွားပါတယ်။ မြစ်ကြောင်းရဲ့ အောက်ဘက်မှာက ဇာရာဏသီပြည်ရှိတယ်။ ဇာရာဏသီမင်းကြီးရဲ့ ဆင်တပ်က ဆင်တွေ မြစ်ထဲချောင်း ထဲမှာ ရေကစားနေကြတယ်၊ ရေကူးနေကြတယ်။ မြစ်ညာဘက်က မျောပါလာတဲ့ ဆင်ဖြူတော်ရဲ့ မစင်နံ့ရတော့ ရေကစားနေတဲ့ဆင်တွေ အကုန်လုံး ကြောက်လန့်ပြီး ကုန်းပေါ်တက်ပြေးကြတယ်။ ဘယ်လိုမှ ရေချိုးပေးလို့ မရဘူး။ ရေထဲဆင်းခိုင်းလို့ မရတော့ပါဘူး။ ကြောက်လန့်ပြီး ရေထဲမဆင်းကြတော့ပါဘူး။

ဆင်ဖြူတော်ကို သိပ်တန်ဖိုးထား

အဲဒါကြောင့်မို့ ဆင်ဖြူတော်ကို ရှေးခေတ်က တိုင်းပြည်အုပ်ချုပ်မင်းလုပ်တဲ့ ရှင်ဘုရင်တွေ သိပ်ကို တန်ဖိုးထားကြတယ်။ လိုချင်ကြပါတယ်။ ရှေးခေတ်က နိုင်ငံအင်အား၊ စစ်အင်အားကိုကြည့်ရင် ဆင်တပ်တွေ မြင်းတပ်တွေ ခြေလျင်တပ်တွေနဲ့ ဖွဲ့စည်းထားတာ တွေ့ရပါလိမ့်မယ်။ အဲဒီထဲမှာ အင်အားအရှိဆုံးသည် ဆင်တပ်ပါ။ ဆင်တွေကို အမြောက်အမြားပိုင်ဆိုင်တဲ့ မင်းဆိုရင် ဒီခေတ်မှာ တိုက်လေယာဉ်တွေ၊ နျူးကလီးယား လက်နက်တွေရှိသလိုပဲ စစ်အင်အားကြီးမားပါတယ်။ ဆင်တပ်က တိုင်းပြည်တစ်ခုရဲ့ စစ်အင်အားမှာ ပဓာနကျပါတယ်။

www.dhammadownload.com

သာမန်ဆင်မည်းတွေ တစ်ရာဖြစ်စေ၊ တစ်ထောင်ဖြစ်စေ၊ တစ်သောင်းဖြစ်ပါစေ၊ ဆင်ဖြူတော်ကို မယှဉ်ရဲပါဘူး။ ဆင်ဖြူမျက်နှာ ဆင်မည်း မကြည့်ဝံ့ပါဘူး၊ မျက်နှာကြည့်ဖို့နေနေသာသာ အညစ်အကြေးနဲ့တောင် မခံရဲကြပါဘူး။

အခုလည်း ဆင်မည်းတွေအားလုံး ကြောက်ကြလန့်ကြ ကုန်းပေါ်တက်ပြေးကြတယ်။ ဆင်ဖြူတစ်ကောင်သာ ပိုင်ဆိုင်ထားပြီဆိုရင် တိုင်းပြည်အုပ်ချုပ်မင်းလုပ်တဲ့သူ ဘာမျှပြောစရာမလိုတော့ဘူး။ တခြားတိုင်းပြည်တွေကို အလွယ်လေးနဲ့ သိမ်းနိုင်ပြီ။ နစ်ဖက်တိုက်နေကြတဲ့စစ်ပွဲထဲ ဆင်ဖြူတစ်ကောင်ဝင်သွားရင် ပွဲကပြတ်ပြီ။ ဆင်တပ်တွေ တပ်ပျက်ပြီး ပြေးကြပြီ။ ကိုယ့်တပ်ကိုယ်နင်းပြီး ဒုက္ခရောက်ကြပြီ။ အနောက်က လိုက်လာကြတဲ့ ခြေလျင်တပ်တွေ၊ မြင်းတပ်တွေ အကုန်လုံး ဆင်တပ်က နင်းသွားရင် ပျက်စီးသွားပါတယ်။ ဒါကြောင့် ရှေးကမင်းများဟာ ဆင်ဖြူကို သိမ်းလိုချင်ကြတယ်၊ သိမ်းမက်မောကြပါတယ်။

www.dhammadownload.com

ပညာရှိတွေ စုံစမ်းရှာဖွေ

"ဆင်တွေ ဘာကြောင့် ရေမချိုးကြသလဲ၊ ရေထဲမဆင်းကြတာလဲ"လို့ ပညာရှိတွေက အကြောင်းရင်းရှာကြည့်တော့ ရေထဲမှာ ဆင်ဖြူရဲ့ အညစ်အကြေးတွေ့မြင်ကြတယ်။ "ရေစီးကြောင်းမှာ မျောပါလာတာဖြစ်မယ်။ မြစ်ရဲ့အထက်ပိုင်းမှာ ဆင်ဖြူ ကျိန်းသေဧကန်ရှိမယ်"လို့ ပညာရှိတွေက တွက်ဆကြတယ်။ ဆင်ဖြူဖမ်းရအောင်၊ ဆင်ဖြူရှာရအောင် ဘုရင်ကိုယ်တိုင်ဦးဆောင်ပြီး လိုက်သွားကြတယ်။ မြစ်အထက်ပိုင်းရောက်သွားတော့ သစ်ဆွဲနေတဲ့ ဆင်ဖြူတော်လေးကို တွေ့ကြပါတယ်။ ဆင်ဖြူတော်လေး သစ်ခုတ်သမားတွေနဲ့အတူ ပျော်ပျော်ရွှင်ရွှင် အလုပ်လုပ်နေတယ်။

ရှင်ဘုရင်ကြီးက ဆင်ဖြူလေးကိုမြင်တော့ ကျေနပ်အားရတယ်၊ သဘောကျတယ်။ သစ်ခုတ်သမားတွေက

www.dhammadownload.com

သူ့တိုင်းပြည်က တိုင်းသူပြည်သားတွေပဲ။ ရေမြေ့သနင်းပြည့်ရှင်မင်းက တိုင်းသူပြည်သားတွေကို ဘာလုပ်ချင်တယ်၊ ဘာလိုချင်တယ်ဆိုရင် မငြင်းရဲပါဘူး။ ငြင်းလို့လည်း မရပါဘူး။ တရာဏသီမင်းက "သူ့ ဆင်ဖြူတော်လေးကို လိုချင်တယ်။ ဆက်သပါ" ဆိုတော့ "အရှင်မင်းကြီး သဘောတော်အတိုင်းပါ။ အရှင်မင်းကြီး ခေါ်သွားပါ။ နှစ်သက်ရင် ယူသွားပါ" ဆိုပြီး ကျေကျေနပ်နပ်နဲ့ ပေးကြပါတယ်။

www.dhammadownload.com

ပြည့်ရှင်မင်းကို မကြောက်

ရေမြေသနင်း ပြည့်ရှင်မင်းကို လူတွေက ကြောက်တယ်။ ဒါပေမဲ့ တိရစ္ဆာန်တွေကတော့ မကြောက်ပါဘူး။ ဆင်ဖြူတော်လေးက အသာတကြည်နဲ့ မလိုက်ဘူး။ တစ်ခါတုန်းက ဘိုးတော်ဦးဝိုင်းနဲ့ အမတ်ကြီးဦးပေါ်ဦး ပြောတဲ့စကားရှိတယ်။ ဘိုးတော်ဦးဝိုင်းက ပေါ်ဦးကို "ဟဲ့ ပေါ်ဦး ရှင်ဘုရင်ကို မကြောက်တဲ့သူရှိလား" တဲ့။ ဦးပေါ်ဦးက "ဟာ မင်းကြီး ရှိတာပေါ့ဘုရား" တဲ့။

ဘိုးတော်ဦးဝိုင်းက ရှင်ဘုရင်ဖြစ်တဲ့ သူ့ကို တိုင်းသူပြည်သားအားလုံးက ကြောက်တယ် ထင်နေတာဆိုတော့ "ရေမြေသနင်း ပြည့်ရှင်မင်းကို မကြောက်တာ ဘယ်သူရှိလဲ ပြောစမ်းပါဦး" ဆိုတော့ "အရှင်မင်းကြီး ဘုန်းကြီးကျောင်းသားတွေ မကြောက်ပါဘူး" တဲ့ အမတ်ကြီးဦးပေါ်ဦးက ကတ်သီးကတ်သတ်ပြောတယ်။

www.dhammadownload.com

"ဟဲ့ ပေါ်ဦး ဟုတ်လို့လား" တဲ့။ "အရှင်မင်းကြီး မယုံရင် မနက်ဖြန်ကျရင် ကျွန်တော်မျိုး လက်တွေ့ပြမယ်" ဆိုပြီး ဆရာတော် သံဃာတွေကို ဆွမ်းစားပင့်ပါတယ်။ ဘုရင့်နန်းတော်မှာ ဘုရင်ကြီးရော သားတော်သမီးတော်တွေ၊ မိဖုရားတွေရော အကုန်ရောက်နေတယ်။ ဆွမ်းကပ်ကြတယ်။ လှူဖွယ်ပစ္စည်းတွေ လှူဒါန်းကြတယ်။ ရေစက်ချလှူဒါန်းပြီးတော့ ဆရာတော်တွေ ပြန်ကြွမယ်ပေါ့။

ပေါ်ဦးက ကျောင်းသားတွေကို "ဟိုမှာ ဘုရင်ကြီး လှူထားတဲ့ပစ္စည်းတွေရှိတယ်။ ကိုယ့်ဆရာတော်ပစ္စည်း ကိုယ်ရအောင်သိမ်း။ ကိုယ့်ဆရာတော်ကို လှူထားတဲ့ ပစ္စည်း ကိုယ့်ဟာကိုယ်ယူပြီး ပြန်ကြ" လို့ ပြောလည်း ပြောရော တစ်ခါတည်း ကျောင်းသားတွေ အထဲတိုးဝင် ပြေးဝင်သွားလိုက်ကြတာ ရှင်ဘုရင်ရော မိဖုရားရော ဘယ်သူ့ကိုမှမရှောင်ဘူး။ တွန်းတိုက်တိုးဝှေ့ဝင်သွားကြတယ်။

အဲဒီတော့မှ ဘိုးတော်ဦးဝိုင်းလည်း လန့်ဖျပ်ပြီး "ဟဲ့ပေါ်ဦးရဲ့ တော်ပါဦး၊ တော်ပါဦးဟဲ့" ဆိုပြီး ဟဲ့-ယူရတယ်။ ကျောင်းသားတွေက သူ့ဆရာတော်ပဲ သူကြောက်ကြတာ။ ကိုယ့်ဆရာတော်ကို လှူလိုက်တဲ့ ပစ္စည်းကိုပဲ မရအရ လုယူကြတယ်။ ရှင်ဘုရင်လည်း ဂရုမစိုက်ဘူး။ မိဖုရားလည်း ဂရုမစိုက်ဘူး။ သားတော်သမီးတော်တွေ၊ ဝန်ကြီးတွေကို ထည့်ကို မတွက်ဘူး။

www.dhammadownload.com

ဆင်ဖြူတော်လေး မလိုက်

အခုလည်း ဆင်ဖြူတော်လေးကို ကြည့်ပါ။ လူတွေကသာ ရေမြေသနင်း ပြည့်ရှင်မင်းကို ကြောက်ရတယ်၊ ရှင်ဘုရင့်သဘောကျ ယူသွားပါ၊ ခေါ်သွားပါဆိုပေမဲ့ ဆင်ဖြူလေး မလိုက်တော့ ခေါ်လို့မရဘူး။ ဘယ်လိုမှ ခေါ်လို့မရဘူး။ ခြိမ်းခြောက်လည်း မရဘူး။ ရိုက်ပုတ်လည်း မရဘူး။ ပညာရှိတွေက စဉ်းစားကြတယ်၊ "ဒီဆင်ဖြူလေး ဒီကို ဘယ်လိုလုပ်ရောက်လာလဲ။ ဘာလို့သူ ဒီမှာနေသလဲ။ စုံစမ်းမေးမြန်းကြမှ အဖေဖြစ်တဲ့ ဆင်ရိုင်းကြီးက ကျေးရူးဆပ်ဖို့ ထားခဲ့တာ" လို့ ရိပ်မိကြ သိကြတယ်။

ကျေးရူးဆပ် ကျေနပ်မှ

ကျေးရူးဆပ်ဖို့ထားခဲ့တာဆိုတော့ ကျေးရူးမဆပ်ဘဲနဲ့ သူလိုက်မှာမဟုတ်ဘူး။ အရှင်မင်းကြီး အဲဒီတော့

www.dhammadownload.com

သစ်ခုတ်သမားတွေကို သူ့ကိုယ်စား ကျေးဇူးဆပ်ပေးမှ ဖြစ်မယ်ဆိုပြီး ခြေထောက်နှစ်ဖက် လက်နှစ်ဖက် အမြီး နှာမောင်း ခြောက်နေရာမှာ အသပြာတစ်သိန်းစီ ပုံထားပြီး "ဒီမှာ သင့်ကျေးဇူးရှင်တွေကို အသပြာခြောက်သိန်းနဲ့ ကျေးဇူးဆပ်တယ်"လို့ ဆင်ဖြူတော်လေးကိုလည်း ပြောပါတယ်။ လျော်ကြေးအသပြာ ခြောက်သိန်းဆိုတာ သစ်ခုတ်သမား ငါးရာအတွက် ကောင်းကောင်းကြီး သုံးဖို့စားဖို့ လုံလောက်တယ်။ သူဌေးဖြစ်နိုင်ပါတယ်။

"ကျေးဇူးဆပ်ပြီးပြီ၊ လိုက်ခဲ့ပါ" ဆိုတော့လည်း မလိုက်သေးဘူး။ ဘာဖြစ်လို့လဲဆိုတာကို ထပ်ပြီးလေ့လာတော့ တွေ့ကြပြန်တယ်။ ဒီဆင်ဖြူတော်လေးဟာ သစ်ခုတ်သမားတွေရဲ့ သားသမီးတွေနဲ့ပါ ရင်းနှီးတယ်။ ဆော့နေ ကစားနေ သွားနေ လာနေတတ်တယ်။ အပေါင်းအသင်းမိတ်ဆွေတွေ ဖြစ်နေတော့ ကလေးတွေအတွက်ကို ဘာမှမပေးရသေးလို့ဖြစ်မယ်။ သူ့ရှေ့မှာတင် စားစရာတွေ၊ အဝတ်အစားတွေ၊ ဆော့စရာ ကစားစရာတွေ ပေးမှဆိုပြီး "ရော့ မင်းအပေါင်းအသင်းတွေ မင်းသူငယ်ချင်းတွေအတွက် ဒီမှာ ဒါတွေ ဒါတွေ ပေးခဲ့ပါတယ်၊ လိုက်ခဲ့ပါတော့" ဆိုမှ အသာတကြည် လိုက်သွားပါတယ်။ ဆင်ဖြူတော်လေးဟာ ကျေးဇူးသိတယ်၊ ကျေးဇူးဆပ်တတ်ပါတယ်။

www.dhammadownload.com

ကျေးဇူးသိကြသူများ

ဗာရာဏသီမင်းကြီးကလည်း သူ့ကို သိပ်ကျေးဇူးတင်တယ်။ ဒီဆင်ဖြူတော်လေး ရောက်တဲ့နေ့ကစပြီး သူ့တိုင်းပြည်ကြီး ချက်ချင်းကို တန်ခိုးကြီးသွားတယ်။ ကျန်တဲ့ အတိုင်းတိုင်းအပြည်ပြည်က ထီးဆောင်းမင်းတွေ အကုန်လုံး သူ့အောက် ဝင်လာကြတယ်။ သူ့အင်ပါယာအောက် ရောက်သွားကြတယ်။ လက်ဆောင်ပဏ္ဏာတွေ ဆက်သကြတယ်။ တိုင်းပြည်တွေ ထိုးအပ်ကြတယ်။ နယ်မြေဒေသတွေ အကျယ်ကြီးဖြစ်သွားတယ်။ တန်ဖိုးရှိတဲ့ ရတနာတွေလည်း အမြောက်အမြားရလိုက်တယ်။ "ဒီဆင်ဖြူတော်လေးရဲ့ ကျေးဇူးပဲ" ဆိုပြီး ဗာရာဏသီမင်းကြီးကလည်း ကျေးဇူးဆပ်တယ်။

ဆင်ဖြူတော်လေးအတွက် နေရာထိုင်ခင်းက အစ အစားအသောက်ကအစ ဘာမှလိုလေသေး

www.dhammadownload.com

မရှိစေရဘူး။ စိတ်တိုင်းကျ ပြည့်စုံအောင်ထားတယ်။ အဆောက်အအုံ ကောင်းကောင်းဆောက်လုပ်ပေးတယ်။ ရေကစားဖို့ မင်္ဂလာရေကန် တူးဖော်ထားပေးတယ်။ သစ်ပင်ဥယျာဉ်တွေ စိုက်ပျိုးထားပေးတယ်။ ဆင်ဖြူတော်လေးကလည်း သိတယ်။ "ဒီမင်းကြီးငါ့အပေါ်မှာ ကျေးဇူးများတယ်။ တောထဲနေရင် ကိုယ့်အစာ ကိုယ်ရှာစားနေရမယ်။ အခု စားရေးနေရေး ဘာမှမပူရအောင် ပြည့်စုံအောင် ဖန်တီးထားပေးတယ်။ ဘုရင်ကြီးရဲ့ ကျေးဇူးပဲ"လို့ ကျေးဇူးတင်တယ်။ အပြန်အလှန် ကျေးဇူးတရားတွေ နားလည်ကြပါတယ်။

www.dhammadownload.com

တိုင်းပြည်အတွက် အရေးကြီးချိန်

ကျေးဇူးတရားတွေ သိတတ်ကြပြီးတော့ အချင်းချင်း တရင်းတနှီးနေကြတာ နှစ်ပေါင်းများစွာကြာတော့ ဗာရာဏသီမင်းကြီး ရောဂါတစ်ခုနဲ့ နတ်ရွာစံ ကံတော်ကုန်သွားပါတယ်။ ဆင်ဖြူတော်လေးကို အသိမပေးရဲဘူး။ သိသွားရင် စိတ်မကောင်းဖြစ် နှလုံးကွဲကြေသေသွားမှာစိုးလို့ပါ။ အားလုံးက ဖုံးဖိထားကြတယ်။

ဗာရာဏသီမင်း မရှိတော့တဲ့ သတင်းကြားတော့ ကောသလတိုင်းက ကောသလဘုရင် စစ်အင်အားဖြည့်ပြီး အလုံးအရင်းနဲ့ တိုင်းပြည်ကို လာဝိုင်းတယ်။ "အုပ်ချုပ်တဲ့သူ မရှိဘူး၊ ဖရိုဖရဲဖြစ်နေပြီ၊ စီမံတဲ့သူ မရှိဘူး၊ အလွယ်လေးနဲ့ သိမ်းနိုင်မှာပဲ" ဆိုပြီး အပြင်ကနေ ဝိုင်းထားတယ်။ "စစ်ထိုးမှာလား၊တိုင်းပြည်အပ်မှာလား" လို့ ရာဇသံပေးတယ်။

www.dhammadownload.com

မိဖုရားခေါင်ကြီးကလည်း သားတော်လေး မွေးဖွား ခါနီးဆဲဆဲဆိုတော့ မှူးကြီး မတ်ရာတွေနဲ့ တိုင်းသူပြည် သားတွေတိုင်ပင်ကြပြီး ကောသလမင်းကို "ခုနစ်ရက် ဆိုင်းပါ၊ အကြောင်းပြန်ပါ့မယ်။ ခုနစ်ရက် အချိန်ပေးပါ" လို့ တောင်းပန်ကြတယ်။

အဲဒီခုနစ်ရက်အတွင်း မိဖုရားခေါင်ကြီးက သား တော်လေး မွေးလာတယ်။ အလီနစိတ္တမင်းသား မွေး လာတော့ တိုင်းပြည်မှာ စိတ်ဓာတ်တွေ တက်ကြွကြ တယ်။ အားကိုးကြတယ်။ ဘုရင်ကြီးရဲ့ကိုယ်စား အားကိုး စရာရပြီဆိုပြီး အားလုံးက ပျော်ရွှင်ကြတယ်။ ချက်ချင်းပဲ ကောသလမင်းကြီးကို အကြောင်းပြန်တယ်။ "တိုင်း ပြည်တော့ မအပ်နိုင်ဘူး၊ စစ်ထိုးမယ်၊ အချိန်မရွေးပဲ" လို့ စိန်ခေါ်လိုက်ကြတယ်။

ကူညီပေးပါပြောကြ

မင်္ဂလာဆင်တော်ကိုလည်း သွားပြီး အကြောင်း ကြား ပြောပြကြပါတယ်။ "သင့်ရဲ့မိတ်ဆွေ သင့်ရဲ့အရှင် သခင် ဗာရာဏသီမင်းကြီးကတော့ လွန်ခဲ့တဲ့ (၇) ရက်က နတ်ရွာစံ ကံတော်ကုန်သွားပါပြီ၊ ဒါပေမဲ့ ထီးမွေ နန်းမွေအဖြစ် သားတော်လေးတစ်ပါး ခုတင်ပဲ မွေးလာ ပါတယ်။

သားတော်လေးဟာ သင်မကယ်ရင် ဒုက္ခရောက် တော့မယ်၊ ထီးမွေနန်းမွေမရဘဲ စွန့်လွှတ်ရတော့မယ်။

www.dhammadownload.com

သားတော်လေးကို သင် ထီးနန်းစည်းစိမ်ယူပေးပါ၊ တိုင်းပြည်အပြင်ဘက်က ဝိုင်းထားတဲ့ ရန်သူတွေကို တိုက်ပေးပါ" လို့ အနူးအညွတ်တောင်းပန်ကြတော့ မင်္ဂလာဆင်တော်က ကြုံးဝါးအော်ဟစ် အားကုန်သုံးပြီး တိုက်ခိုက်ပေးလိုက်ပါတယ်။ တစ်ဖက်ရန်သူတွေ အကုန်ရှုံးနိမ့်ပြီး ထွက်ပြေးကြရပါတယ်။ အလီနစိတ္တ မင်းသားအတွက် ထီးနန်းစည်းစိမ်ကို မင်္ဂလာဆင်တော် လေးက ယူပေးလိုက်တာပါ။

www.dhammadownload.com

ဇာတ်တော်ပေါင်းတော်မူ

ဗုဒ္ဓမြတ်စွာက အဲဒီဖြစ်ရပ်ကို မိန့်ကြားပြီးတော့ အလီနစိတ္တမင်းသားဆိုတာ ငါဘုရားပါပဲ။ အရှင်သာရိပုတ္တရာက မင်္ဂလာဆင်ဖြူတော် ဖြစ်ခဲ့တယ်။ ငါ့သားတော် အရှင်သာရိပုတ္တရာသည် တိရစ္ဆာန်ဖြစ်စဉ်ကာလမှာတောင် သူ့ကျေးဇူးကို သိတတ်ပါတယ်။

သူ့အရှင်သခင် ဗာရာဏသီမင်းကြီး ကျေးဇူးကို သိတတ်တယ်။ ကျေးဇူးတရား နားလည်တယ်။ သူ့ဖခင်မှာထားတဲ့အတိုင်း သစ်ခုတ်သမားတွေရဲ့ ကျေးဇူးသိတယ်။ အခုလည်းပဲ မွေးလာတဲ့ သားတော်လေးအတွက် ထီးနန်းစည်းစိမ်ယူပေးပြီး ကျေးဇူးဆပ်ခဲ့တယ်။

သူတော်ကောင်းတွေရဲ့အစဉ်အလာသည်ကျေးဇူးသိခြင်း၊ ကျေးဇူးဆပ်ခြင်း မကင်းကြပါဘူး။ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် ကျေးဇူးသိကြ ကျေးဇူးဆပ်တတ်ကြပါတယ်။

www.dhammadownload.com

မပြေလည်တာ မရှိနိုင်

ဥပမာကြည့်ကြမယ်ဆိုရင် အိမ်တစ်အိမ်မှာ ဇနီးခင်ပွန်းတွေ အိမ်သူအိမ်သားတွေ ရှိကြပါတယ်။ မိဘသားသမီးတွေရှိကြတယ်။ ကျေးဇူးမကင်းကြပါဘူး။ ဆရာတပည့်တွေရှိကြတယ်။ တစ်ယောက်နဲ့တစ်ယောက် ကျေးဇူးတွေ မကင်းကြပါဘူး။

ကျေးဇူးတရားတွေကိုသိလို့ ကျေးဇူးဆပ်ကြမယ်ဆိုရင် အဆင်မပြေတာတွေ မရှိနိုင်ပါဘူး။ ကျေးဇူးကန်းတာတွေ မရှိတော့ပါဘူး။ ဒီအတိုင်းပဲ လမ်းထဲမှာဆိုလည်း ဒီလမ်းမှာနေတဲ့သူတွေ ဟိုအိမ်နဲ့ ဒီအိမ် အပြန်အလှန် ကျေးဇူးရှိကြပါတယ်။ တစ်ရပ်ကွက်ထဲနေကြသူတွေ အချင်းချင်းလည်း ကျေးဇူးရှိကြပါတယ်။ တစ်နိုင်ငံထဲ နေကြသူအချင်းချင်းလည်း ကျေးဇူးရှိကြပါတယ်။ ကျေးဇူးမကင်းကြပါဘူး။

ကျေးဇူးသိတတ်မယ်ဆိုရင် တစ်ယောက်နဲ့တစ်ယောက် ကျေးဇူးတရားတွေရှိပါလား။ ကိုယ်နဲ့ဖြစ်စေ နှုတ်နဲ့ဖြစ်စေ ကျေးဇူးပြုဖူးပါလား။ နောက်ဆုံး သူ့စိတ်ထဲကဖြစ်ဖြစ် ကိုယ့်ကောင်းကျိုးချမ်းသာကို လိုလားမယ်ဆိုရင်တောင် ကျေးဇူးရှင်ပါလားလို့ သိထားရင် အဆင်မပြေတာ မရှိတော့ပါဘူး။

www.dhammadownload.com

သူတော်ကောင်းအစဉ်အလာကျင့်သုံး

အရှင်သာရိပုတ္တရာသည် ဆွမ်းတစ်ဖွန်း တစ်ကြိမ် လှူဖူးတဲ့ ကျေးဇူးကိုတောင်မှ ပီပီပြင်ပြင် ဆပ်သွားတဲ့ သာဓကရှိသွားပါတယ်။ ကျေးဇူးတရားသိတတ်ကြတဲ့ ရှေးသူတော်ကောင်းတွေရဲ့ ကောင်းမြတ်သော အစဉ် အလာကို အားလုံးအတုယူလိုက်နာဖို့ လိုပါတယ်။ လိုက်နာကြရပါမယ်။ ကျေးဇူးရှိတာတွေကို မေ့လို့ မရဘူးလို့ နားလည်သဘောပေါက် ကျေးဇူးဆပ်ကြရင် ကျေးဇူးသိသူတွေ ဖြစ်ကြမယ်ဆိုရင် သာယာတဲ့ အေး ချမ်းတဲ့ ငြိမ်းချမ်းတဲ့ ကမ္ဘာကြီး ဖြစ်လာပါလိမ့်မယ်။

သူလည်း စိတ်ချမ်းသာ ကိုယ်လည်းစိတ်ချမ်းသာ ချမ်းသာသုခတွေ ပြည့်စုံပြီး အေးချမ်းကြလိမ့်မယ်လို့ ကျေးဇူးတရားတွေ မမေ့ပျောက်ဖို့၊ ကျေးဇူးနားလည် ပြန်ဆပ်ဖို့ သတိပေးတဲ့ တိုက်တွန်းတဲ့တရား ဟောကြား

www.dhammadownload.com

ပါတယ်။ လိုက်နာကျင့်သုံးပြီး ကျေးဇူးသိ၊ ကျေးဇူး ဆပ်နိုင်ကြသဖြင့် ကောင်းကျိုးချမ်းသာအဖြာဖြာ ရရှိပြီး မင်္ဂလာဖိုလ်ဘ္ဂ်ာ နိဗ္ဗာန်ကိုလည်း လျင်မြန်လွယ်ကူ စွာနဲ့ ရနိုင်ရောက်နိုင် မျက်မှောက်ပြုနိုင်ကြပါစေ။

ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ

www.dhammadownload.com

ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ၏ ဓမ္မစာပေပြန့်ပွားရေး ထာဝရငွေပဒေသာပင် ဓမ္မဒါန အလှူရှင်များ

ကျပ် ဆယ့်ငါးသိန်းနှင့် အထက်အလှူရှင်

၁။ (ဦးကံစိန်) ဒေါ်သိန်းနှင့် သမီး မနုရီစိန်၊
သား ကိုနိုင်အောင်၊
သိန်းမင်းသက်န်းတိုက်၊ ကျုံပျော်မြို့။

၂။ ဦးထွန်းကြိုင် + ဒေါ်ကျင်မိသားစု
၁၃၄၊ မင်းလမ်း၊ မုဒုံမြို့။

ကျပ် ဆယ့်တစ်သိန်းနှင့် အထက်အလှူရှင်

၁။ (ဒေါ်ခင်နှင်းရီ)အား ရည်စူး၍ ဦးသန်းလွင်၊
သမီး မခင်ခင်စု၊
နှင်းစာပေရတနာ၊ ရန်ကုန်မြို့။

ကျပ် ဆယ်သိန်းအလှူရှင်

၁။ နှစ်ဖက်သောမိဘများအား အမှူးထား၍
ဦးမြင့်ထွန်း + ဒေါ်ခင်မာရွှေ၊ သမီး ဆုပြည့်စုံထွန်းမိသားစု၊
ဆုပြည့်စုံထွန်းစာပေ၊ ရန်ကုန်မြို့။

ကျပ် ရှစ်သိန်းနှင့် အထက်အလှူရှင်

၁။ ဒေါ်ခင်နုနှင့် ဦးမြညွန့် + ဒေါ်ခင်မော်မိသားစု၊
သိန်းတစ်ရာ - ဆီစက်နှင့်ပွဲရုံ၊ ရေနံမြို့။

www.dhammadownload.com

ဓမ္မဒါန အလှူရှင်စာရင်း (၂)

ကျပ် ခုနစ်သိန်းနှင့် အထက် အလှူရှင်များ

၁။ ဦးငွေအောင် + ဒေါ်ခင်သီတာ၊ သမီးအေး ငွေအောင်၊
သား အောင်ငွေဟိန်း မိသားစု၊ ရန်ကုန်မြို့။

၂။ ဦးအောင်ဇော် + ဒေါ်သန်းစိန် မိသားစု
အမှတ်(၂၆၆)၊ (၃၃)လမ်း၊ ပဲခူးမြို့။

ကျပ် ခြောက်သိန်းနှင့် အထက် အလှူရှင်များ

၁။ ဦးဝင်းသန်း + ဒေါ်မြင့်မြင့်အုန်း၊ မင်းလမ်း၊ သထုံမြို့။

၂။ ဦးတင်အောင် + ဒေါ်ငြိမ်းငြိမ်း
မိုး - ချိုချဉ် မိသားစု၊ ညောင်လေးပင်မြို့။

၃။ မသင်းသင်းမြတ်၊ ကျိုက်ကော်။

၄။ ဒေါ်ကျင်နု မိသားစု၊ ဟိန်းထက် - စတိုး
ဗိုလ်ချုပ်ဈေး၊ ရန်ကုန်မြို့။

ကျပ် ငါးသိန်းနှင့် အထက် အလှူရှင်များ

၁။ (ဦးကျော်ဝင်း) ဒေါ်မော်မော်ဦး မိသားစု
အမှတ်(၈၄)၊ လသာလမ်း၊ ရန်ကုန်မြို့။

၂။ ဦးတင့်လွင် + ဒေါ်လှိုင်းယဉ်မိသားစု၊ ဟသ်ာတမြို့။

၃။ ဦးတင်ဝင်း + ဒေါ်ညွန့်ညွန့်ခိုင်မိသားစု
ရွှေရတနာလမ်း၊ ရှစ်မိုင်၊ ရန်ကုန်မြို့။

၄။ ဦးသန်းလွင် + ဒေါ်ရီရီမြင့်မိသားစု
ဆစ်ဒနီမြို့၊ ဩစတြေးလျနိုင်ငံ။

၅။ ခမည်းတော် ဦးကျော်လှိုင် + မယ်တော် ဒေါ်မြင့်ကြည်၊
ကြံ့တိုင်းမြင့်ရွှေဆိုင်၊ သထုံ မြို့။

www.dhammadownload.com

ဓမ္မဒါန အလှူရှင်စာရင်း (၃)

၆။ လှိုင် - ကမာရွတ်ဆရာ၊ဆရာမများနှင့်
စေတနာရှင်များ၊ရန်ကုန်မြို့။

၇။ ဦးသိန်းဇော် + ဒေါ်ခင်လှ၊ သမီး မသွယ်သွယ်ထက်၊
သိန်းဇော်ဆန်ရောင်းဝယ်ရေး၊ ၈၆လမ်း၊ မန္တလေးမြို့။

၈။ ဒေါ်ကင်း၊ ဒေါ်အေးအေး၊ ဒေါ်ထွေးထွေး၊ ဒေါ်ဘေဘီဝင်း၊
တပင်ရွှေထီးလမ်း၊ တောင်ငူမြို့။

၉။ ဦးသိန်း + ဒေါ်ခင်အုံး၊ အမှတ် ၁၀၇၊ ဝေဇယန္တာလမ်း၊
(၃) ရပ်ကွက်၊ တောင်ဥက္ကလာ၊ ရန်ကုန်မြို့။

ကျပ် ငါးသိန်း အလှူရှင်များ

၁။ (ဦးခင်မောင်လွင်) + ဒေါ်စန်းစန်းမြင့်မိသားစု၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ကျပ် သုံးသိန်းနှင့် အထက် အလှူရှင်များ

၁။ ဒေါက်တာအိမ်ပိုး + ဒေါက်တာခင်သန်းကြွယ်
ဆစ်ဒနီမြို့ သြစတြေးလျနိုင်ငံ။

၂။ ဦးအောင်ဇော် + ဒေါ်နန်းကျော့
ဆစ်ဒနီမြို့ သြစတြေးလျနိုင်ငံ။

၃။ ဦးမြင့်သိန်း + ဒေါ်သန်းသန်းဝင်း၊ သမီး ယုလဲ့မြင့်၊
သား ညက်လင်းမြင့်၊ စပါယ်ရုံလမ်း၊ ရွာမ၊ အင်းစိန်။

၄။ မသန်းသန်းစိုး၊ မမြင့်မြင့်ဦး
သန်းစိုးစတိုး၊ ပတ္တမြားလမ်း၊ ကျိုက်ထိုမြို့။

၅။ ဦးသာထွန်း + ဒေါ်အုံးခင်၊ သမီး ခိုင်ခိုင်ထွန်းမြို့
လှိုင်လှိုင်ထွန်းမြို့ ဗိုလ်ချုပ်လမ်း၊ ငါးသိုင်းချောင်းမြို့။

www.dhammadownload.com

ဓမ္မဒါန အလှူရှင်စာရင်း (၄)

၆။ ပါမောက္ခဒေါက်တာရဲမြင့်ကျော် + ဒေါ်ခင်ရည်မွန် မိသားစု၊
စမ်းချောင်း၊ ရန်ကုန်မြို့။
၇။ ဦးအောင်မြင့်သိန်း + ဒေါ်ခင်မိုးရွှေ၊ သား မင်းသူဟိန်း၊
မော်ကန်(၈)လမ်း၊ ပဲခူးမြို့။
၈။ ဦးမင်းလွင် + ဒေါ်ခင်သန်းမြင့်၊ တူမ မရီဝင်းထက်၊
ဆရာကြီးရွှေဆိုင်၊ တောင်ငူမြို့။
၉။ ဒေါက်တာဝါဝါ၊ သချာဌာန၊ ပုသိမ်တက္ကသိုလ်။

ကျပ် နှစ်သိန်းနှင့် အထက် အလှူရှင်များ

၁။ ဒေါ်တင့်မာ မိသားစု၊ ၃၃၊ ကုသိနာရုံလမ်း၊ ပုသိမ်မြို့။
၂။ ဦးသန်းဦး + ဒေါ်စန်းစန်းမော်၊ သမီး မေသဲဦး၊
ဝင်းလဲ့လဲ့အောင်၊ ၂၁ လမ်း၊ ရန်ကုန်မြို့။
၃။ ဒေါ်ခင်တိုးရီ၊ ဒေါ်ခင်နုရီ
လော့စ်အိန်ဂျယ်လိစ်၊ အမေရိကန်။
၄။ (ဦးခင်အောင်) ဒေါ်ပို့ပို့ မိသားစု၊
ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။
၅။ ကိုသန့်ဇင် + မဝင်းဝင်းဖြိုး မိသားစု၊
တော်ဝင်ထွန်းသစ်စက်နှင့် ရေသန့်၊ ရေနီမြို့။
၆။ ဦးဘထက် + ဒေါ်အေးမြင့်မိသားစု
မြင့်ရတနာရွှေဆိုင်၊ အင်းစိန်ဈေးကြီး၊ ရန်ကုန်။
၇။ (ဦးငွေသိန်း) ဒေါ်ခင်မေ၊
ရွှေဆိုင်၊ ကျိုက်ထိုမြို့။
၈။ ဒုဗိုလ်မှူးကြီးဌေးလွင်(ငြိမ်း) + ဒေါ်အေးအေးမြင့်၊
ရွှေဟသ်ာစတိုး၊ စမ်းချောင်း၊ ရန်ကုန်မြို့။

www.dhammadownload.com

၉။ ဒေါ်ခင်ရီမွေးနေ့အလှူ၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်လေး၊ ရန်ကုနမြို့။

၁၀။ ဦးဘုန်းမော်ရွှေ + ဒေါ်စန်းစန်းမြင့်၊ သမီး စုနင်းရွှေ မိသားစု၊ မကွေးမြို့။

၁၁။ ဒေါ်အေးအေးမြင့်၊ဒေါ်ခင်ခင်လေး။ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

၁၂။ ဦးသောင်ဇင် + ဒေါ်တင်တင်နွဲ့၊ အမ ဒေါ်တင်တင်အေး၊ သုမင်္ဂလာအိမ်ရာ၊ သဃ်္ဃန်းကျွန်း၊ ရန်ကုန်မြို့။

ကျပ် တစ်သိန်းနှင့် အထက် အလှူရှင်များ

၁။ ဦးကိုကို + ဒေါ်လေးငယ်နှင့် ကိုဇော်မင်း + မဇင်မာ မိသားစု၊ တောင်ငူမြို့။

၂။ ဦးဘသီး + ဒေါ်ခင်ခင်လှ၊ မြသပိတ်လမ်း၊ သထုံမြို့။

၃။ ဦးမြတ်ထွန်း၊ မလေးရှား။

၄။ ဦးထွန်းထွန်းဦး + ဒေါ်သိန်းသိန်းဌေးမိသားစု ၁၀ - အေ (၁)လမ်း၊ လှိုင်ရတနာမွန်အိမ်ရာ၊ ရန်ကုန်။

၅။ ဦးကိုကို + ဒေါ်ခင်နွဲ့နွဲ့၊ ရွှေရတနာလမ်း၊ (၈)မိုင်၊ ရန်ကုန်မြို့။

၆။ ဦးဒယ်ရစ်တင်လေး၊ အမှတ်(၄၆၇)၊ ဗဟိုလမ်း၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

၇။ ဦးမောင်စိန်၊ သမီးမမြင့်မြင့်အေး၊ အာရုမိတ္တူ၊ အမှတ်(၈၄)၊ လသာလမ်း၊ ရန်ကုန်မြို့။

၈။ ဦးကျင်ငွေ + ဒေါ်ကျင်နု၊ သမီး ဒေါ်တူပို့၊ မြို့မ၊ တောင်စွန်း။

၉။ မောင်ထင်ကျော် + မမြရတနာဖြိုး၊ ရေနံမြို့။

www.dhammadownload.com

ဓမ္မဒါန အလှူရှင်စာရင်း (၆)

၁၀။ (ဒေါ်သန်း) ညီမ ဒေါ်သန်းညွန့်၊ တူမ မအေးမြင့်၊
ပြည်သတိုက်ရွာ၊ တွံတေးမြို့နယ်။

၁၁။ ဦးမိုးနိုင် + ဒေါ်မြိမ့်မြိမ့်ကျော်၊ သမီး အိမ့်ဖူးဖူး
ခတ္တာလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့။

၁၂။ ဒေါက်တာဦးစံကျော် + ဒေါ်ညိုညို၊ သမီး မမေဖြူစံကျော်၊
ပန်းသီဆေးခန်း၊ အင်းစိန်လမ်းမကြီး၊ ရန်ကုန်မြို့။

၁၃။ ဟိန်းထက်ပညာရေး၊ လှည်းယာဉ်၊ ဥက္ကံမြို့။

၁၄။ မောင်ဟိန်းသန့်ဇော်၊ မောင်သူဟန်စိုး
သီရိရွှေစင်ရွှေဆိုင်၊ မန္တလေးမြို့။

၁၅။ သူငယ်ချင်း (၁၂) ယောက်၊ ပဲခူးမြို့။

၁၆။ ဦးလှမြင့် + ဒေါ်စောပုမိသားစု
မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

၁၇။ ဦးအောင်ဇော်မိုး + ဒေါက်တာနီနီကျော်
(မျက်စိအထူးကု)၊ ရန်ကုန်မြို့။

၁၈။ ဒေါ်ငွေးငွေးဝင်း (ဗဟိုတရားရုံးချုပ်ရှေ့နေ)
လိပ်ပြာကန်အိမ်ရာ၊ ပဲခူးမြို့။

၁၉။ ဦးအောင်သိန်း + ဒေါ်ရှုတင်မိသားစု
ဖူဂျီဓာတ်ပုံတိုက်၊ ပဲခူးမြို့။

၂၀။ ဦးသိန်းဝင်း + ဒေါ်သန်းသန်းအေး
နှင်းဆီမွေးစတိုး၊ ကေတုမတီ၊ တောင်ငူမြို့။

၂၁။ ဒေါ်ခင်စန်းမြင့် + ဒေါ်တင်အေးဆင့်
မြေး မင်းထူးမွန်၊ ရန်ကုန်မြို့။

၂၂။ ဒေါက်တာမျိုးသိုက်၊ ကလေးဆေးရုံ၊ ရန်ကုန်မြို့။

www.dhammadownload.com

ဓမ္မဒါန အလှူရှင်စာရင်း (၇)

၂၃။ ဗိုလ်ချုပ်ခင်မောင်ထွန်း + ဗိုလ်ကြီးဒေါ်တင်တင်အေး
မိသားစု၊ နေပြည်တော်။

၂၄။ (ဦးကျင်မောင် + ဒေါ်ကျင်မြ) မိသားစု
၁၇၆၊ ဈေးပိုင်း၊ ၁၈ လမ်း၊ ပဲခူးမြို့။

၂၅။ ဦးကြည်စန်း၊ မွေးနေ့အလှူ၊ ရန်ကုန်မြို့။

၂၆။ ဒေါ်စိန်ကြည် မိသားစု၊
ဒါးက၊ ကန်ကြီးထောင့်မြို့နယ်။

၂၇။ ဒေါ်မေမေထွေး၊ မနန်းခင်ခင်စော
ခေမာသီ (၄) လမ်း၊ မြောက်ဥက္ကလာ၊ ရန်ကုန်မြို့။

၂၈။ ဦးအေးမောင် + ဒေါ်ထွား၊
အမေထွားပဲဆီသန့်မိသားစု၊ ရန်ကုန်မြို့။

၂၉။ ကိုသန်းအေး၊ ပုသိမ်မြို့။

၃၀။ ဦးချစ်စိုး + ဒေါ်စန်းစန်းရွှေ မိသားစု၊ ဩစတြေးလျ။

၃၁။ ဦးစိုးရီ + ဒေါ်မြခင်၊ သမီး – မခိုင်ခိုင်မိုး မွေးနေ့၊ နဝဒေးရပ်၊
တောင်စွန်း။

၃၂။ ဝင်းစတားတော်ဆက်၊ ရန်ကုန်မြို့။

၃၃။ ဒေါက်တာသိန်းတန် + ဒေါ်မြင့်မြင့်ဝေမိသားစု၊
ဖြူဖွေးဆေးဆိုင်၊ ကျိုက်ထို။

၃၄။ ဒေါ်စိန်ဗလီ၊ သမီးမအေးမြင့်၊ မော်လမြိုင်မြို့။

၃၅။ ဦးခင်အောင် + ဒေါ်တင်တင်ဝင်း၊ ဗိုလ်ချိုလမ်း၊ ရန်ကုန်။

၃၆။ ဦးချစ်ဝင်း + ဒေါ်ခင်သန်းအေး၊ သီရိလမ်း၊ ဂွမြို့။

၃၇။ စက်ရုံမှူး ဦးပိုက်ထွေး၊ ဒေါ်ခင်မျိုးဌေး မိသားစု၊
စစ်တောင်းစက္ကူစက်၊ သိမ်ဇရပ်မြို့။

၃၈။ မောင်အောင်ထူးနိုင် + မသဲဝေလွင်၊ ပဲခူးမြို့။

www.dhammadownload.com

ဓမ္မဒါန အလှူရှင်စာရင်း (၈)

၃၉။ ကိုကြီးမြင့် + မမာမာမြင့်၊ တောင်ကြီးမြို့။

၄၀။ မောင်ရဲရင့်ထွန်း + မအေးငွေအောင်
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

၄၁။ (ဒေါ်ခင်ဌေး) ဒေါ်ခင်သန်းမြင့်မိသားစု၊
လမ်းမတော်၊ ရန်ကုန်မြို့။

၄၂။ ဦးအောင်စိုး + ဒေါ်အယ်မာမြင့် မိသားစု
တပင်ရွှေထီးလမ်း၊ တောင်ငူမြို့။

၄၃။ ဦးရွှေမန်း + ဒေါ်တင်လှမိသားစု
ပတ္တမြားလမ်း၊ ကျိုက်ထိုမြို့။

၄၄။ ဦးတင်မြင့် + ဒေါ်ဝင်းမို၊ ကျိုက်ထိုမြို့။

၄၅။ ဦးတင်ဆင့် + ဒေါ်မီမီထွေး သား ရစ်ကီ၊ သမီး ရင်းရင်း၊
အမေရိကန်။

၄၆။ ဒေါ်မြင့်မြင့်ခင်နှင့် မောင် ကိုကျော်မိုးသက်၊
နှင်းဆီလမ်း၊ အလုံ၊ ရန်ကုန်မြို့။

၄၇။ ဒေါ်ခင်မာမြင့် မိသားစု၊ ဘုရင့်နောင်၊ ရန်ကုန် မြို့။

၄၈။ (ဦးရွှေချိန် + ဒေါ်ခင်လှ) ဒေါ်လှဆိုင်
မြေး မဒေစီချိန်၊ ပဲခူးမြို့။

၄၉။ ၇ ရက်သားသမီးများ၊ သနပ်ပင်မြို့။

၅၀။ မမေသဲဦး၊ မဝင်းလဲ့လဲ့အောင်မွေးနေ့၊
၂၁လမ်း၊ ရန်ကုန်မြို့။

၅၁။ ဒေါက်တာမြတ်ထွန်း + ဒေါ်ခင်သိန်းဝင်း မိသားစု၊
မျက်စိ နားနှာခေါင်းဆေးရုံ၊ ရန်ကုန်မြို့။

၅၂။ ဦးလှရွှေ + ဒေါ်ခင်အေးမူ၊ ရွှေပန်းတိမ်၊ မြို့လှမြို့။

www.dhammadownload.com

ဓမ္မဒါန အလှူရှင်စာရင်း (၉)

၅၃။ ဦးစိုင်းစံလင်း + ဒေါ်နန်းရွှေပွင့်၊ သမိုင်း၊ ရန်ကုန်မြို့။
၅၄။ ဦးသန်းနိုင် + ဒေါ်စန်း၊ လောကနတ်ပဲဆီသန့်၊ မိုးကုတ်မြို့။
၅၅။ ဦးညွန့်လွင် + ဒေါ်တင်တင်ဝင်း၊ ၆ လမ်း၊ ရန်ကုန်မြို့။
၅၆။ ဦးခင်မောင်ကြည် + ဒေါ်နုနုအေး၊
သား အောင်မြိုးဝေမိသားစု၊ ရန်ကုန်မြို့။
၅၇။ ဦးဝင်းမော် + ဒေါ်ခင်ခင်လေး၊ သမီးခင်လင်းမော်၊
ဖော်အဲဗားကုမ္ပဏီ၊ ရန်ကုန်မြို့။
၅၈။ ဦးစောဟန် + ဒေါ်အေးမြင့်၊ သမီး ဒေါ်နွယ်နွယ်အေး၊
မွေးရေဘဏ်၊ ပဲခူးမြို့။
၅၉။ ဦးဘထက် + ဒေါ်အေးမြင့်၊ ရန်ကုန်မြို့။
၆၀။ ဦးကျင်ဆွေ + ဒေါ်ခင်ခင်ဌေး၊
ဖိုးတီးရှမ်းခေါက်ဆွဲဆိုင်၊ ၃၁လမ်း၊မန္တလေးမြို့။
၆၁။ ဒေါက်တာခေတ်ဝေ + ဒေါက်တာခင်ဝါဝါ
သမီး ယွန်းရတီခေတ်၊ ဘုရားကြီး။
၆၂။ ဦးအုံးကျော် + ဒေါက်တာတင်တင်မြမိသားစု၊
သုမင်္ဂလာအိမ်ရာ၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့။

ကျပ်တစ်သိန်းအောက် အလှူရှင်များအား
စာမျက်နှာ အခက်အခဲကြောင့် သီးခြားမဖော်ပြနိုင်ခြင်းအား
ခွင့်လွှတ်ပါရန် မေတ္တာရပ်ခံပါသည်။